www.dhammadownload.com

ဦးလှခင် (ဆန်းညွှန့်ဦး) သည်

လူကြီးလူငယ်အရွယ်မရွေးဖတ်ရှုနိုင်ကြရန်
ခေတ်သုံးစကားပြေဖြင့်ရေးသားစီစဉ်အပ်သော

# ငါးရာ့ငါးဆယ် နိပါတ်တော်

## လက်ရွေးစင်ဝတ္ထုများ

အမှတ် ၉

## မိတ်ကောင်း ဆွေကောင်းများ
## နှင့်
## အခြားသိမှတ်ဖွယ်ရာများ

ဝတ္ထုပေါင်း (၂၂) ပုဒ်

(စတုတ္ထအကြိမ်)

www.dhammadownload.com

သက်သာစာစဉ် အမှတ် ( ၉ )

ဦးလှခင် (ဆန်းညွန့်ဦး) စီစဉ်သော

ခေတ်သုံးစကားပြေ

# ငါးရာ့ငါးဆယ်

## နိပါတ်တော်

လက်ရွေးစင် ဝတ္ထုများ

မိတ်ကောင်း ၊ဆွေကောင်း ဝတ္ထု

နှင့်

အခြား သိမှတ်ဖွယ်ရာများ

ဇာတ်တော်ပေါင်း (၂၂)ပုဒ်

ပြည်လုံးကျွတ် ဖြန့်ချိရေး

ဒေါ်အေးတင်နှင့်သားများ
စကြာအေးစာပေ

အမှတ် ၂၂၄–၃၈ လမ်း၊
ရန်ကုန်မြို့။

တင်တင်အေး
ပိဋကတ်စာပေ ဖြန့်ချိရေးဌာန
အမှတ် ၁၄၊ ရွှေတိဂုံဘုရားကြီး
တောင်ဘက်ဈေးတော်ရုံ
ရန်ကုန်မြို့။

F-1 (စတုတ္ထအကြိမ်)

www.dhammadownload.com

၅၅၀–အမှတ် ၉
စာမူခွင့်ပြုချက်အမှတ်
(၄၀/၉၄) (၁၀)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
(၄/၉၄) (၁၁)

၁၉၉၄ ခုနှစ်၊ နိုဝင်ဘာလ (စတုတ္ထအကြိမ်
အုပ်ရေ – ၁၀၀၀
တန်ဖိုး – ကျပ်

မျက်နှာဖုံးနှင့်အတွင်းသားရိုက်
ဦးသိန်းထွန်း (၀၄၈၂၂)
သိန်းထွန်းအော့ဖ်ဆက်ပုံနှိပ်တိုက်
အမှတ်–၅၀/၅၂၊ ဒဂုံသိရိလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်။
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဒေါ်တင်တင်အေး (၀၂၀၃၃)
တင်တင်အေးပိဋကတ်စာပေ၊ အမှတ်– ၁၄
ရွှေတိဂုံဘုရားဈေးတော်ရုံ၊ ရန်ကုန်မြို့။

www.dhammadownload.com

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ပဏာမနှင့် ဂါရဝ | ၇ |
| | အာသီသ (နိဒါန်း) | ၈ |
| အခန်း (၁) | | |
| | မိတ်ကောင်းဆွေကောင်း ရှာ၍ပေါင်း | |
| ၁။ | ဇာ ၃၅၇၊ လဋုကိကဇာတ် | ၉ |
| | နှံစုတ်ငှက်မနှင့် ကျီး၊ဖား၊ယင်မမိတ်ဆွေလေးဦးဝတ္ထု။ ကိုယ်တိုင် အင်အားနည်းသော်လည်း အားကြီးသော မိတ်ဆွေတို့ကြောင့် ရန်သူကို အောင်နိုင်သော ဇာတ်။ | |
| ၂။ | ဇာ ၂၀၆၊ ကုရုင်္ဂမိဂဇာတ် | ၁၄ |
| | သမင်၊ လိပ်၊ ငှက် မိတ်ဆွေသုံးဦးဝတ္ထု။ မိတ်ဆွေအတွက် အသက်နှင့်လဲ၍ ကာကွယ်ကြသော ဇာတ်။ | |
| ၃။ | ဇာ ၁၂၁၊ ကုသနာဠိဇာတ် | ၁၇ |
| | မိတ်ဆွေဖွဲ့ရာ ယုတ်၊လတ်၊မြတ် မရွေးရာဝတ္ထု။ ဂုဏ်မရှိသော နတ်မိတ်ဆွေကြောင့် ချမ်းသာရာ ရသောဇာတ်။ | |
| ၄။ | ဇာ ၁၂၄၊ အမ္ဗဇာတ် | ၂၁ |
| | တစ်ယောက်ကောင်း၍ အပေါင်းချမ်းသာ။ သူတစ်ပါးကို ကူညီ၍ရသော လာဘ်လာဘဖြင့် အပေါင်းအသင်းများ စားမကုန်သောဇာတ်။ | |

www.dhammadownload.com

၈ ဇာ ၄၀၆၊ မဟာဥက္ကုသဇာတ် ၂၃
စွန်လင်မယားနှင့် မိတ်ဆွေကောင်းများဝတ္ထု။
မိတ်ဆွေကောင်းကိုရ၍ ဝေါင်းထားမိသဖြင့်
အရေးကြုံက အကူအညီရသော မိတ်ဆွေ
ကောင်းများ ဇာတ်။

အခန်း (၂)

ဉာဏ်တုံး၍ မိုက်မဲသူများအကြောင်းဝတ္ထု

၁။ ဇာ ၁၁၃၊ သိင်္ဂါလဇာတ် ၃၃
ခွေးစကားယုံသူ ဝတ္ထု။
မြေခွေးက ငွေနှစ်ရာပေးမည်ကို ယုံကြည်သော
ပုဏ္ဏားမိုက်ဇာတ်။

၂။ ဇာ ၃၂၁၊ ကုဋိဒူသကဇာတ် ၃၆
မိုက်မဲသူကို ဆုံးမမိသောဝတ္ထု။
မျောက်ကိုအိမ်ဆောက်နေထိုင်ရန် တိုက်တွန်းမိ၍
မိမိပျက်စီးရသော ဇာတ်။

၃။ ဇာ ၂၉၁၊ သုရာဃငဇာတ် ၄၁
အရက်သမားနှင့် လိုတိုင်းရအိုး။
အရက်သမားကို စောင်မသော်လည်း အကျိုးမဲ့
ဖြစ်သော ဇာတ်။

၄။ ဇာ ၁၄၈၊ သိင်္ဂါလဇာတ် ၄၄
ဆင်သားကိုကြိုက် မြေခွေးမိုက်
အစာလောဘကြောင့် ဆင်ဝမ်းမိုလ်ထဲဝင်မိ၍
ဒုက္ခရောက်ရသောမြေခွေး ဇာတ်။

၅။ ဇာ ၃၂၂၊ ဒုဒ္ဒုဘဇာတ် ၄၈
ကောလာဟလကြောင့် ပြေးရှာသူများဝတ္ထု။
ထန်းရွက်ပေါ် ဥသျှစ်သီးကျ၍ လန့်ပြေးသော
ယုန်၏ မြေပြိုစကားကို ယုံမှားမိကြသော
သားကောင်များ ဇာတ်။

www.dhammadownload.com

၆။ ဇာ ၁၄၆၊ ကာကဇာတ် ၅၂
သမုဒ္ဒရာကိုရှေ့မည့် ကျီးမိုက်များ။
ကျီးမ သမုဒ္ဒရာထဲကျလေရာ၊ သမုဒ္ဒရာရေကို
ငုံ၍ ထွေးကြသော ဇာတ်။

အခန်း (၃)

နှုတ်ကြမ်း စိတ်ကြမ်း လူသရမ်းများ

၁။ ဇာ ၁၄၉၊ ဧကပဏ္ဏဇာတ် ၅၄
တမာလို မခါးနှင့် ပျားလိုသာ ချိုစေ။
မင်းသားကြမ်းကို ဆုံးမသောဇာတ်။
၂။ ဇာ ၂၉၆၊ သုဇာတာဇာတ် ၅၉
နှုတ်ချိုမှ လူကြည်ညိုမည်။
အနာထပိဏ်သူဌေး၏ ချွေးမကို ဆုံးမသောဇာတ်။
၃။ ဇာ ၂၄၀၊ မဟာပိင်္ဂလဇာတ် ၆၄
ပြည်သူမုန်းသည့်မင်း။
မင်းဆိုးသေ၍ ပြန်လာမှာကိုကြောက်သည့်ဇာတ်။
၄။ ဇာ ၁၁၇၊ တိတ္တိရဇာတ် ၆၇
စကားများက ပျက်စီးရ။
စကားများလွန်း၍ ပျက်စီးရသော ဇာတ်။
၅။ ဇာ ၂၁၅၊ ကစ္ဆပဇာတ် ၆၉
နှုတ်ကြောင့်သေ။
စကားများလွန်း၍ ပျက်စီးရသော ဇာတ်။

အခန်း (၄)

သူများထံက မတောင်းသင့်

၁။ ဇာ ၄၀၃၊ အဋ္ဌိသေနဇာတ် ၇၂
တောင်းလွန်းလျှင် မုန်း။
တောင်းခြင်းသည် နှစ်ဦးနှစ်ဖက် အမုန်းထွက်
တတ်ကြောင်းကို ဟောကြားသော ဇာတ်။

www.dhammadownload.com

၂။ ဇာ ၃၂၃၊ ဗြဟ္မဒတ္တဇာတ် ၇၅
တောင်းခြင်းသည် ငို၍ပြခြင်းမည်၏။
သစ်ရွက်ထီးနှင့်လွှာဖိနပ်တစ်ရံတောင်းလိုသည်ကို
၁၂–နှစ်တိုင်ချိန်ဆနေသောဘုရားလောင်းဇာတ်။
၃။ ဇာ ၂၅၃၊ မဏိကဏ္ဍဇာတ် ၇၆
တောင်းပါများ၍ နဂါးပင်ပြေးရသော ဝတ္ထု။
နဂါးလာမှာကြောက်၍ သူမြတ်နိုးသော
ပတ္တမြားကိုတောင်းသဖြင့် နဂါးပြေးသောဇာတ်။

## အခန်း (၅)

### ကျင့်ဆောင်ဖွယ်ရာ လောကမှာ

ဧက ၃။ သေရိဝ ဝါဏိဇ္ဇဇာတ် ၈၄
ရသာခိုက် ယူလိုက်ကြ။
အဖိုးတစ်သိန်းတန် ရွှေခွက်ရပါလျက်လက်လွတ်
ရသော ရွဲကုန်သည်ဇာတ်။

ဧက ၆။ ဒေဝဓမ္မဇာတ် ၈၉
ရှက်ကြပါ၊ ကြောက်ကြပါ။
နတ်တို့ကြိုက်သော တရားနှစ်ပါးဇာတ်။

ဧက ၁၁။ လက္ခဏမိဂဇာတ် ၉၃
ရှေ့ဆောင်ကောင်း။
ပညာရှိသော ခေါင်းဆောင်နှင့် ပညာမဲ့သော
ခေါင်းဆောင်တို့အကြား ဝတ္ထု။

...○...

www.dhammadownload.com

# ပဏာမ

နမော ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သုံးပါးရတနာ၊ မြတ်ဆရာနှင့်၊
နှစ်ဖြာမိဘာ၊ များလှ ကျေးဇူး၊
ဂုဏ်အထူးကို၊ ကြည်နူးသဒ္ဓါ၊
ဝန္ဒနာဖြင့်၊ ဦးစွာ ရိုကျိုး၊
ကျွန်ရှိခိုးကာ၊ ဤစာ ကျမ်းမြတ်၊
ပြုစုအပ်သည် နိဗ္ဗာန်ပြည်သို့။
ရည်သတည်း။

ဂါရဝ

ချွတ်ယွင်းတိမ်းပါး...တွေ့ခဲ့ငြားသော်
စိတ်ထားသဒ္ဓါ...စေတနာဖြင့်
ညွှန်ပါမည့်ကြောင်း...ကျွန်ခွင့်တောင်းသည်
ညွှတ်ပျောင်း, ခယ...ယမ်းယမ်းတည်း။ ။

(အမျိုးသား ပညာဝန် ဦးဖိုးကျား၏ ငါးရာ့ ငါးဆယ်
ကောက်နုတ်ချက် နိဒါန်းမှ)

ကျေးဇူးတင်လွှာ

အကျွန်ုပ်၏ ကာယအား၊ ဉာဏအား၊ ဝီရိယအားတို့ဖြင့် ပြုစုအပ်သော ဤလက်ရွေးစင် ဓမ္မပဒနှင့် ငါးရာ့ ငါးဆယ် လက်ရွေးစင် စာအုပ်များကို စကြာအေးစာပေမှ (မူပိုင်) ဝယ်ယူသဖြင့် ကျွန်ုပ် သက်ရှိထင်ရှားရှိစဉ် ကာလ၌ အလှူ ဒါနများ ပြုလုပ်ခွင့်ရသဖြင့် စကြာအေး စာပေအား ကျေးဇူး တင်ရှိပါကြောင်း။

ဦးလှစင် - ဆန်းညွန့်ဦး

www.dhammadownload.com



# အာသီသ

## နိဒါန်း

***

ငါးရာ့ ငါးဆယ် ဇာတ်တော်များသည်
မြန်မာ့ ယဉ်ကျေးမှု၏ ရေသောက်မြစ်ဖြစ်၏။
လောကီအကျိုးကိုလည်း တိုးပွားစေ၏။
လောကုတ္တရာ အတွက်လည်း အကျိုးများ၏။
ကျောင်းသားအရွယ် သားငယ်၊ သမီးငယ်များ
သားလိမ္မာ၊ သမီးလိမ္မာများ ဖြစ်ကြစေရန်၊
ခေတ်သုံး စကားပြေဖြင့် စီရင်ရေးသားပြီး
လူကြီး လူငယ် မရွေး ဖတ်ရှုနိုင်ကြစေရန်၊
ဆင်းရဲချမ်းသာမရွေး ဖတ်ရှုနိုင်ကြစေရန်၊
သင့်လျော်ရာ ဇာတ်ဝတ္ထုများကို၊
"လက်ရွေးစင်" အဖြစ် ရွေးချယ်ကာ
စိတ်ဝင်စားဖွယ်ရာ သရုပ်ဖော် ပုံများနှင့်အတူ
ထုတ်ဝေပါသည်။

❁


www.dhammadownload.com

(၁)

# ၁။ နံ့စုတ်ငှက်မနှင့် ကျီး၊ဖား၊ယင်မ မိတ်ဆွေလေးဦးဝတ္ထု

[၃၅၇၊လဋုကိကဇာတ်]

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။



ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ်–

သနားကရုဏာမရှိသော ဒေဝဒတ်ကို အကြောင်းပြု၍ ဟောတော်မူသည်။

www.dhammadownload.com



## အတိတ်ဇာတ်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံစဉ် ဘုရားအလောင်းသည် ဟိမဝန္တာ၌ ဆင်ရှစ်သောင်း ခြံရံသော ဆင်မင်းဖြစ်၏။

ထိုတော၌ နံ့စုတ်ငှက်မ တစ်ကောင်သည် ဆင်တို့သွားရာလမ်းတွင် အသိုက်လုပ်ကာနေ၏။ အသိုက်အတွင်း၌ အမွေးအတောင် မစုံသေးသော ငှက်ကလေးများရှိ၏။

ဆင်မင်းသည် ဆင်ရှစ်သောင်းနှင့် အစာရှာရန်လာ၏။

နံ့တ်ငှက်မသည် သားငယ်တို့ကိုနင်းမိမည်စိုး၍ ဆင်မင်းရှေ့တွင် ဝပ်ကာ အတောင်နှစ်ဖက်ကိုယှက်ကာ ရှိခိုးလျက်သားငယ်တို့၏ အသက်ကို ကယ်ပါရန် တောင်းပန်၏။

ဆင်မင်းသည် "မစိုးရိမ်လင့်၊ သင့်သားငယ်တို့ကို ငါစောင့်ရှောက်မည်"ဟု ဆင်မင်းသည် ငှက်သားငယ်တို့ အထက်၌ ရပ်လျက် အကာအကွယ်ပြုပေးပြီး ဆင်ရှစ်သောင်းတို့ကို သွားစေ၏။ ထိုနောက် နံ့စုတ်ငှက်မအား–

"အို–နံ့စုတ်ငှက်မငယ်၊ ငါတို့နောက်မှ တစ်ကောင်တည်းလာသောဆင်သည် ငါတို့စကားကို နားထောင်သူ မဟုတ်၊ ထိုဆင်လာလျှင် သားငယ်တို့အတွက် ရှိခိုးတောင်းပန်ပေဦး" ဟု မှာထား၍ သွားလေသည်။

## လူမိုက်ကို တောင်းပန်၍မရ

ဆင်တစ်ကောင်သည် နောက်က လိုက်၏။ နံ့စုတ်ငှက်မသည် ခရီးဦးကြို၍ အတောင်နှစ်ဖက်ကိုယှက်ကာ ရှိခိုးတောင်းပန်၏။ ထိုဆင်သည် ရိုင်းစိုင်း၏။ တောင်းပန်ကာမှ နံ့စုတ်ငှက်မ၏

www.dhammadownload.com



သားငယ်တို့ကို ခြေဖြင့်နင်းကာ ကျင်ငယ်စွန့်ပြီး ကျင်ငယ် ရေမှာ မျောစေလျက် ဝမ်းမြောက်သော အသံဖြင့် အော်၍ သွား၏။

## နေသေးသပ

နံ့စုတ်ငှက်မသည် သစ်ခက်၌နားနေရင်း သားငယ်တို့ မရှုမလှ သေကြရသော အဖြစ်ကို ရင်ထုမနာ မြင်ရသောအခါ ဒေါသဖြစ်လျက်–

"ဟယ်–ဆင်ယုတ်၊ နေရာတိုင်းမှာ ခန္ဓာကိုယ်စွမ်းအားနှင့် နှိပ်စက်နိုင်မည်မဟုတ်၊ သင်သည် အားနည်းသော ငါ့သားငယ် တို့ကိုသတ်လိုက်သည်၊ နှစ်ရက်သုံးရက်နှင့် ငါ့ဉာဏ်စွမ်းကို သင်မြင်ရလိမ့်မည်၊ သင့်ကို ငါသတ်မည်၊ ကိုယ်ခန္ဓာအားထက် ဉာဏ်အားက ကြီးကြောင်း သင်သိစေမည်"ဟု ကြိမ်းမောင်း လေသည်။

## မိတ်ဆွေများရှာခြင်း

နံ့စုတ်ငှက်သည် နှစ်ရက်သုံးရက် အတွင်းမှာပင် ကျီးကို မိတ်ဆွေဖွဲ့၏။

အကူအညီပေးပါရန် တောင်းပန်၏။ ကျီးက လိုလျှင် ကူညီ ပါမည်ဟု ပြော၏။

နံ့စုတ်ငှက်မက တစ်ကောင်တည်းသော ဆင်ကြီး၏ မျက်စိ တို့ကို နှုတ်သီးဖြင့် ဖောက်၍ပေးပါရန် တောင်းပန်၏။ ကျီးက ကောင်းပြီဟု ဝန်ခံ၍ ဆင်မိုက်၏ မျက်လုံးကို နှုတ်သီးဖြင့် ထိုးဖောက်လိုက်၏။

နံ့စုတ်ငှက်မသည် ယင်မှဲရိုင်းထံသွား၍ မိတ်ဆွေဖွဲ့ပြန်၏။ ဘယ်လိုဆောင်ရွက်ပေးရမည်နည်းဟု မေး၏။

www.dhammadownload.com



"တစ်ကောင်တည်း ကျက်စားသောဆင်ကြီး၏ မျက်စိမှ အနာတို့တွင် ပိုးလောက်တို့ကို လွတ်ပေးပါ"ဟု တောင်းပန်၏။ "ကောင်းပြီ၊ စိတ်ချပါ"ဟု ပြော၏။

ဆင်ကြီးမှာ ကျီးထိုးသော မျက်စိတို့တွင် ပိုးလောက်တို့ ကိုက်သဖြင့် ကြီးစွာသော ဆင်းရဲဝေဒနာခံစားနေရ၏။

## မိတ်ဆွေကောင်းကို ရှာကြံပေါင်း

ထို့နောက် နံစုတ်ငှက်မသည် ဖားထံသို့သွား၍ မိတ်ဖွဲ့၏။ ဖားက "အဘယ်ကိစ္စကို ဆောင်ရွက် ပေးရမည်နည်း" ဟု မေး၏။ နံစုတ်ငှက်မက ဖားအား–

"အရှင် တစ်ကောင်တည်းကျက်စားသော မျက်စိကန်းသည့် ဆင်တစ်ကောင် ရှိပါသည်၊ သူသည် အစာလည်း မစားနိုင်၊ ရေလည်း ငတ်နေပါသည်၊ အရှင်က တောင်ထိပ်မှ နေ၍ အော်ပါ၊ ဖားအော်သံကြားလျှင် တောင်ထိပ်သို့ တက်လာပါလိမ့်မည်၊ ထိုအခါ အရှင်က တောင်ကမ်းပါးပြတ်သို့ဆင်းပြီး အော်ပါ"ဟု ပြော၏။ ဖားက "ကောင်းပြီ စိတ်ချပါ"ဟု ပြော၏။

ဖားသည် တောင်ထိပ်ကအော်၏။ ဆင်ကြီးသည် ရေအလွန် ငတ်လှသဖြင့် ဖားအော်သံ ကြားရာ၌ ရေရှိသည် ထင်ပြီး တဖြည်းဖြည်း တက်သွား၏။ ဆင်ကြီး တောင်ထိပ်သို့ ရောက်သောအခါ တောင်ကမ်းပါးပြတ် ချောက်ထဲ ဆင်း၍ အော် ပြန်၏။ ဆင်ကြီးသည် ဖားအော်သံကြားရာသို့ လိုက်ပြန်ရာ တောင်ကမ်းပါးပြတ်ကြီးမှ ချောက်ထဲသို့ ကျကာ သေဆုံးပျက်စီး ရလေ၏။

www.dhammadownload.com



အလွန် သေးငယ်လှသော နံ့စုတ်ငှက်မသည် မိတ်ကောင်း ဆွေကောင်းများ၏ အကူအညီဖြင့် ခွန်အား ကြီးလှသော ဆင်ကြီးကို ဉာဏ်အားဖြင့် အောင်နိုင်လိုက်ပေပြီဟု ဆင်သေ ပေါ်တွင် ခေါက်တုံ့ခေါက်ပြန် သွားကာ အောင်ပွဲခံလေသည်။

## ညီညွတ်မှု၏ အင်အား

မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်ပြီးနောက်-

"ရဟန်းတို့-၊ ခိုက်ရန်ဖြစ်ခြင်းကို တစ်စုံတစ်ယောက်နှင့်မျှ မပြုအပ်၊ ခွန်အားဗလနှင့် ပြည့်စုံသော ဆင်ကြီးကိုပင် အား နည်းသော သတ္တဝါ လေးကောင်တို့သည် တစ်ပေါင်းတည်း ညီညွတ်လျက် သေကြေပျက်စီးခြင်းသို့ ရောက်အောင် ပြုစွမ်း နိုင်ကုန်၏"ဟု မိန့်တော်မူပြီးနောက် ဆက်လက်၍-

"ရဟန်းတို့၊ နံ့စုတ်ငှက်၊ ကျီး၊ ဖား၊ ယင်မမဲရိုင်း ဤလေး ကောင်သော သတ္တဝါတို့ကို ရှုလော့၊ ထိုလေးကောင်သော သတ္တဝါတို့သည် ဆင်ပြောင်ကြီးကို သတ်ကြကုန်၏။ ခိုက်ရန် ဖြစ်ခြင်းကို ရှုကြလော့၊ မချစ်သော တစ်စုံတစ်ယောက်နှင့်မျှ ခိုက်ရန်ကို မပြုရာ"ဟု ဟောတော်မူ၏။

## ဇာတ်ပေါင်းသော်

ဆင်မိုက်သည် - ဒေဝဒတ်၊
ဆင်မင်းသည် - ငါဘုရား

ဟု ဇာတ်တော်ကို ပေါင်း၏။

www.dhammadownload.com

# ၂။ သမင်၊လိပ်၊ငှက် မိတ်ဆွေသုံးဦးဝတ္ထု

(၂၀၆၊ ကုရုင်္ဂမိဂဇာတ်)



## ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးစဉ်-
ဒေဝဒတ်သည် မြတ်စွာဘုရားကိုသတ်ရန် ကြိုးစား လုံ့လ
ပြုခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

## အတိတ်ဇာတ်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံစဉ်-
ဘုရားလောင်းသည် ကုရင်္ဂသမင်ဖြစ်၏။ ခေါက်ရှာငှက်၊
လိပ်တို့နှင့် မိတ်ဆွေဖြစ်ကြ၏။ တစ်ဦးနှင့် တစ်ဦး ချစ်ခင်
ကြ၏။

www.dhammadownload.com



တစ်နေ့၌ ကုရင်္ဂသမင်သည် ညဦးတွင် သောက်ရေဆင်းရာမှ မုဆိုးတစ်ယောက် ထောင်သော ကျော့ကွင်း၌မိ၏။ ကုရင်္ဂသည် အသံကို မြည်လေ၏။ ခေါက်ရှာငှက်နှင့် လိပ်တို့သည် ငါတို့မိတ်ဆွေ သမင်၏ အသံတည်းဟု ပြေးလာကြ၏။ မိတ်ဆွေသမင်၏ ဒုက္ခကို တွေ့ကြလျှင် အသက်ကိုကယ်ရန် တိုင်ပင်ကြ၏။ ခေါက်ရှာငှက်က-

"အဆွေလိပ် သင့်မှာ သွားရှိ၏။ သားရေကျော့ကွင်းကို ကိုက်၍ ဖြတ်ပါ။ ငါက မုဆိုး ရုတ်တရက်မလာနိုင်အောင် လုပ်မည်"ဟု ပြော၏။

လိပ်သည် သားရေကျော့ကွင်းကို သွားတို့ဖြင့်ကိုက်ဖြတ်ပြီး ခေါက်ရှာငှက်သည် မုဆိုးနေရာ ရွာသို့သွားကာ သစ်ပင်တွင် စောင့်နေ၏။

အရုဏ်တက်ချိန်တွင် မုဆိုးသည် လှံကိုကိုင်၍ ထွက်လာ၏။ သစ်ပင်ပေါ်က ခေါက်ရှာငှက်သည် မုဆိုးထွက်လာသည်နှင့် အတောင်နှစ်ဘက်ကိုခါပြီး မျက်နှာကို ဆိတ်၍ရိုက်၏။

မုဆိုးသည် စောစောစီးစီး နိမိတ်မကောင်းဟု အိမ်ပြန်ပြီး တစ်ရေးအိပ်လိုက်၏။

မိုးလင်းလျှင် နောက်တစ်ဖန် မိုးဆိုးသည် လှံကိုထမ်း၍ထွက်လာပြန်၏။ ခေါက်ရှာငှက်သည် မျက်နှာကိုဆိတ်၍ အတောင်ဖြင့် ရိုက်ပြန်၏။ မုဆိုးသည် နိမိတ်မကောင်းဟုဆိုကာ ပြန်၍ အိပ်ပြန်၏။

မိုးစင်စင်လင်းလျှင် မုဆိုးသည် လှံကိုင်၍ ထွက်လာပြန်၏။ ခေါက်ရှာငှက်သည် ရှေ့မှ အမြန်ပြေးသွားပြီး မုဆိုးလာပြီဟု ပြော၏။

www.dhammadownload.com



## သမင်လွတ်ပြီး လိပ်အဖမ်းခံရခြင်း

လိပ်သည် သားရေကျော့ကွင်းတို့ကို ကိုက်ဖြတ်ရာ တစ်လွန်းမျှသာ ကျန်တော့၏။ သွားတို့မှာ ကြေကျမတတ်ဖြစ်၍ ခံတွင်း၌ သွေးအလိမ်းလိမ်း ကပ်လျက်ရှိ၏။

ကုရင်္ဂသမင်သည် မုဆိုးလာနေသည်ကိုမြင်လျှင် သားရေကျော့ကွင်းကို အတင်းရုန်းဖြတ်၍ တောသို့ ဝင်ပြေးလေ၏။ ခေါက်ရှာငှက်သည် သစ်ပင်ဖျားမှ ကြည့်နေ၏။ လိပ်သည် ပင်ပန်းလွန်းသဖြင့် မပြေးနိုင်ဘဲ ထိုနေရာတွင်ပင် ဝပ်၍ နေ၏။

မုဆိုးသည် သမင်လွတ်သွားရာ နေရာတွင် လိပ်ကိုမြင်၍ လိပ်ကိုကောက်ယူကာ အိတ်ထဲ၌ ထည့်ပြီး သစ်ငုတ် တစ်ခုမှာ ချိတ်ထား၏။

## မိတ်ဆွေသုံးဦးအကြံ

သမင်သည် မနီးမဝေးမှပြန်၍ကြည့်၏။ လိပ်ကိုကောက်ယူ ထည့်ထားသည်ကိုမြင်၏။ ငါ့ကျေးဇူးရှင်ကို ကယ်ရမည်ဟု မပြေးနိုင်ဟန်နှင့်မုဆိုးကို ကိုယ်ယောင်ပြ၏။ မုဆိုးသည် သမင်ခြေနာနေပြီ မပြေးနိုင်ဟု လှံကိုကိုင်၍ လိုက်၏။ သမင်သည် မုဆိုးကို သွေးဆောင်ခေါ်ကာ ဝေးတော့မှ အမြန် ပြေးပြီး ခြေရာဖျောက်၏။ တစ်ဖန် တစ်ဖက်လမ်းမှ လျင်မြန်စွာပြေး၍ လွယ်အိတ်ကို ချိုဖြင့်ချိတ်ယူကာ မြေသို့ချ၍ လိပ်ကိုလွတ်စေ၏။

သမင်သည် ခေါက်ရှာငှက်နှင့် လိပ်တို့အား–

"မိတ်ဆွေကောင်းတို့၊ သင်တို့ကြောင့် ငါ့မှာ အသက်ရှင်ခွင့် ရပေသည်။ သင်တို့ကား ငါ၏ အသက်သခင် ကျေးဇူးရှင်များ

www.dhammadownload.com



ဖြစ်ကြသည်။ ယခု မုဆိုးလာ၍ဖမ်းစေ၊ မည်၊ အဆွေလိပ်လည်း ရေထဲသို့ ဆင်းလော့၊ အဆွေ ခေါက်ရှာငှက်သည်လည်း အခြား သစ်ပင်သို့ ပြေးဝင်၍ နေလော့” ဟု တိုင်ပင်၍ ခြေရာဖျောက် လိုက်ကြ၏။

**ဇာတ်ပေါင်းသော်**

မုဆိုးသည် -ဒေဝဒတ်၊
ခေါက်ရှာငှက်သည် - ရှင်သာရိပုတ္တရာ၊
လိပ်သည် -ရှင်မောဂ္ဂလာန်၊
ကုရုင်္ဂသမင်သည် - ငါဘုရား

ဟု ဇာတ်တော်ကို ပေါင်း၏။

## ၃။ မိတ်ဆွေဖွဲ့ရာ ယုတ်၊ လတ်၊ မြတ်မရွေးရာဝတ္ထု

(၁၂၁၊ ကုသနာဠိ [ကျူရုံစောင့်နတ်] ဇာတ်)

**မစ္စုပ္ပန်ဝတ္ထု**

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ်- အနာထပိဏ်သူဌေး၏ မိတ်ဆွေ(ကာဠကဏ္ဏီ)ကို အကြောင်း ပြု၍ ဟောတော်မူ၏။

အနာထပိဏ်သူဌေးသည် ငယ်သူငယ်ချင်းဆင်းရဲနေသည်ကို ခေါ်ယူ၍ ချီးမြှောက်၏။ တရင်းတနှီး နေ၏။ ထိုသည်ကို ဆွေမျိုးများ မိတ်ဆွေများက တားမြစ်ကြ၏။ ခရီးထွက် သွားရာ၊ ထိုမျက်နှာမရှိသူကြောင့် ပစ္စည်းများ ခိုးသားတို့လက် ပါမသွား။

www.dhammadownload.com



ထိုအကြောင်းကို အနာထပိဏ်သူဌေးက မြတ်စွာဘုရားအား လျှောက်ကြားလျှင်၊ မြတ်စွာဘုရားက အနာထပိဏ် သူဌေး အား–

အဆွေခင်ပွန်း ဖွဲ့ရာ၌ ငယ်သည် ကြီးသည်မဟူ၊ အဆွေခင်ပွန်း ပီသခြင်းသာ ပမာဏဖြစ်၏။

တန်းတူသည်ဖြစ်စေ၊ နိမ့်ကျသူ၊ ယုတ်နိမ့်သူဖြစ်စေ၊ မြတ်သူဖြစ်စေ မိတ်ဆွေခင်ပွန်း ဖွဲ့အပ်၏။

အယုတ်၊ အလတ်၊ အမြတ်ဟူသော အဆွေခင်ပွန်းတို့သည် မိမိတို့ တန်ရာတန်ရာကို ဆောင်ရွက်ပေးနိုင်ကြသည်ချည့်တည်း။

ယခု သင်သည် ကိုယ့်ထက်နိမ့်သူ အဆွေ ခင်ပွန်းကြောင့် ဥစ္စာရှင်ဖြစ်၏။ ရှေးကလည်း ကိုယ့်ထက်နိမ့်သော အဆွေ ခင်ပွန်းကို အမှီပြု၍ ဗိမာန်ရှင် ဖြစ်ခဲ့ဖူးကုန်ပြီဟု မိန့်တော်မူ၍ အတိတ်ဇာတ်ကို ဟောတော်မူ၏။

## အတိတ်ဇာတ်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းစိုးစံစဉ်၊ ဘုရားလောင်းသည် မင်းဥယျာဉ်၌ သမန်းမြက်ဖုတ် ကျူရုံစောင့်နတ် ဖြစ်၏။

ထိုဥယျာဉ်၌ပင် မင်္ဂလာကျောက်ဖျာကို အမှီပြု၍ ပင်စည် ဖြောင့်တန်းစွာ ဝန်းဝန်းဝိုင်းဝိုင်း အကိုင်းအခွတို့ဖြင့် လှပသော မင်္ဂလာသစ်ပင်ကြီးတစ်ပင် ရှိ၏။

ထိုမင်္ဂလာသစ်ပင်ကြီးတွင် တန်ခိုးကြီးသော ရုက္ခစိုးနတ် မင်းတစ်ပါးနေ၏။ မင်း၏ အပူဇော်ကိုခံရ၏။ ထိုရုက္ခစိုးနတ် မင်းသည် ဘုရားလောင်းသမန်းမြက်ဖုတ်ကို စောင့်သောနတ်နှင့် မိတ်ဆွေဖြစ်နေကြ၏။

www.dhammadownload.com



တစ်နေ့တွင် မင်း၏ တစ်ပင်တိုင် ပြာသာဒ်နန်း နဲ့သဖြင့် အနှစ်ရှိသော တိုင်နှင့်လဲရန် ညွှန်၏။ လက်သမား တို့သည် နန်းတိုင်အဖြစ် သင့်လျော်သော သစ်ပင်ကိုရှာကြ၏။ မင်း၏ ဉယျာဉ်မှ မင်္ဂလာသစ်ပင်ထက်ကောင်းသော သစ်ပင်တို့ မတွေ့၊ မင်းက "နန်းတိုင်ခိုင်ဖို့သာပဓာန၊ မင်္ဂလာသစ်ပင်ကိုသာခုတ်၊ အခြား သစ်ပင်တစ်ပင်ကို မင်္ဂလာသစ်ပင်လုပ်မည်"ဟု အမိန့်ပေး၏။

လက်သမားတို့သည် သစ်ပင်ထံသွား၍ နက်ဖြန်နံနက် ခုတ်ပါမည်ဟု သစ်ပင်ကို ပူဇော်ပသခဲ့ကြ၏။

ရုက္ခစိုးနတ်သည် ထိတ်လန့်သွား၏။

"နက်ဖြန် ငါ့ဗိမာန်ကို ဖျက်ဆီးကြတော့မည်၊ သွားစရာလည်း မရှိ၊ နေစရာလည်း မရှိတော့"ဟု သားငယ်တို့ကို လည်ပင်းဖက်၍ငို၏။

ရုက္ခစိုးနတ်၏ မိတ်ဆွေများဖြစ်ကြသော ရုက္ခစိုးနတ်တို့သည်လည်း မိမိတို့ မတတ်နိုင်ဟု စိတ်မကောင်း ဖြစ်ရုံမှ တစ်ပါးဘာမျှ မတတ်နိုင်ကြ။

ထိုအခါ သမန်းမြက်ဖုတ်စောင့်နတ်သည်လာ၏။ အကျိုးအကြောင်းသိလျှင်-

"နတ်မင်းတို့-၊ မစိုးရိမ်နှင့်၊ အကျွန်ုပ်သည် ဤသစ်ပင်ကို ခုတ်ခွင့်မပေးပါ၊ မခုတ်နိုင်အောင် လုပ်မည်၊ စောင့်ကြည့်ကြပါ" ဟု နှစ်သိမ့်စေ၏။

## ဉာဏ်ကောင်းသောနတ်

လက်သမားတို့ သစ်ခုတ်ရန် လာကြ၏။

သမန်းမြက်နတ်သည် ပုတ်သင်ညိုအသွင် ဖန်ဆင်း၏။

www.dhammadownload.com



လက်သမားတို့ သတိထားမိအောင် ခြေကြားမှ ဖြတ်သွား၍ လက်သမားတို့ ကြည့်စဉ် မင်္ဂလာသစ်ပင် အမြစ်ကြားသို့ ဝင်သွား၏။

သစ်ပင်အလယ်မှာ အခေါင်းရှိဟန်ဖြင့် သစ်ပင်အလယ်မှ တက်ပြီး ပင်စည်၏ထိပ်မှ ပုတ်သင်ညိုက ခေါင်းညိတ်၍ညိတ်၍ ပြ၏။

လက်သမားအကြီးအကဲသည် သစ်ပင်မြစ်ကြားက ပုတ်သင် **သစ်**ပင်ဖျားတွင် မြင်လျှင်၊ သစ်ပင်ကို လက်ဖြင့် တီးကြည့်ပြီး "**သစ်**ပင်မှာ အခေါင်းရှိနေ**သည်**။ အနှစ်မရှိ၊ မနေ့က သေသေချာချာ မကြည့်မိ"ဟု ဆိုကာ ဤမင်္ဂလာ သစ်ပင်ကြီးကို စွန့်လွှတ်၍ အခြားသစ်ပင်တစ်ပင်ရှာရန် ထွက်ခွာသွားကြလေ၏။

ရုက္ခစိုးနတ်မင်းသည် ဘုရားလောင်း သမန်းမြက်နတ်ကို အမှီပြု၍ ဗိမာန်ရှင်ဖြစ်နေ၏။ ရုက္ခစိုးနတ်မင်းသည် အခြားသော နတ်တို့စည်းဝေးရောက်လာကြစဉ်သမန်းမြက်နတ်အားဂုဏ်ပြုလို၍

"အရှင်နတ်တို့။ ။ကိုယ်နှင့် တန်းတူကိုလည်း မိတ်ဆွေဖွဲ့ရာ၏။ ကိုယ့်ထက်မြတ်သူကိုလည်း မိတ်ဆွေဖွဲ့ရာ၏။ ကိုယ့်ထက်နိမ့်သူကိုလည်း မိတ်ဆွေဖွဲ့ရာ၏။ ထိုအယုတ်၊ အလတ်၊ အမြတ်တည်းဟူသော မိတ်ဆွေတို့သည် အဆွေခင်ပွန်း ဒုက္ခရောက်သော် မြတ်သောအကျိုးကို ပြုကြပေလိမ့်မည်။ ထို့ကြောင့် ရှုတမည်သော မင်္ဂလာသစ်ပင်၌ နေသော ငါနှင့် ဘုန်းတန်ခိုးနည်းသော သမန်းမြက်ဖုတ်ကျူရုံ၌ဖြစ်သောနတ်ကို မိတ်ဆွေဖွဲ့

www.dhammadownload.com



ကြသကဲ့သို့ ဆင်းရဲခြင်းမှလွတ်လိုကြသော သူတို့သည် ကိုယ်နှင့်တန်းတူ၊ ကိုယ့်အောက်ယုတ်သူ၊ ကိုယ့်ထက် မြတ်သူတို့အား မိတ်ဖွဲ့ခြင်းကို ပြုသင့်၏" ဟု ပြောဟော၏။

ဇာတ်ပေါင်းသော်

မင်္ဂလာသစ်ပင်စောင့်နတ်သည် - အာနန္ဒာ၊
သမန်းမြက်ဖုတ်စောင့်နတ်သည် - ငါဘုရား

ဟု ဇာတ်တော်ကို ပေါင်း၏။

## ၄။ တစ်ယောက်ကောင်း၍ အပေါင်းချမ်းသာ

(၁၂၄၊ အမ္ဗဇာတ်)

ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ်- ဝတ်နှင့်ပြည့်စုံသော ရဟန်းတစ်ပါးကို အမှီပြု၍ များစွာသောရဟန်းများ ပူဇော်သက္ကာများပြားစွာနှင့် ချမ်းသာစွာ နေရခြင်းကို အကြောင်းပြု၍ ဟောတော်မူသည်။

အတိတ်ဇာတ်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံစဉ်- ဘုရားလောင်းရသေ့သည် ဟိမဝန္တာ၌ တပည့်ရသေ့ ငါးရာနှင့် နေ၏။ တစ်ကြိမ်သော နွေကာလတွင် ရာသီဥတုပြင်းထန်၍ နေရာတိုင်းလို သောက်ရေပြတ်၏။ တိရစ္ဆာန်တို့ ရေမသောက်ရ၍ ပင်ပန်းကြ၏။

www.dhammadownload.com



ရသေ့တစ်ယောက်သည် တိရစ္ဆာန်တို့ ရေငတ်သည်ကို မြင်၍ သစ်ပင်တစ်ပင်ကို ဖြတ်တောက်ပြီး စားကျင်း ပြုလုပ်ကာ သောက်ရေအတွက် ရေခပ်၍ထား၏။ တိရစ္ဆာန်တို့သည် ရေသောက်ရန် လာကြ၏။ များပြားလွန်း၍ ရေမှာ ခပ်၍မနိုင်၊ ရသေ့သည် သစ်သီးရှာရန်ပင် မသွားနိုင်၊ အစာ မစားဘဲ သောက်ရေခပ်၍ ထည့်ပေးနေသည်။

## တုံ့ပြန်မေတ္တာ

တောတိရစ္ဆာန်အပေါင်းတို့သည် ရသေ့မှာ သစ်သီးရှာချိန် မရ၊ သစ်သီးပင်မစားရဘဲ အာဟာရပြတ်နေသောကြောင့် အလွန် ပင်ပန်း၏။ ငါတို့သည် သောက်ရေကို သောက်ရန် လာတိုင်း မိမိတို့နိုင်သလောက်သော သစ်သီးတို့ကို ယူဆောင်လာကြမှဖြစ် မည်ဟု တိုင်ပင်ကြကာ၊ ထိုရသေ့အတွက် ယူလာသော သစ်သီး ကြီးငယ်တို့မှာလည်း တစ်ဆယ်နှစ်စီးခွဲခန့် ပမာဏရှိ၏။

တစ်ယောက်ကောင်း၍ ငါးရာကုန်သော အပေါင်းအပါ ရသေ့တို့သည် ထိုသစ်သီးတို့ကို သုံးဆောင်ကြရ၏။ သုံးဆောင် ၍ပင် မကုန်နိုင်အောင်ရှိ၏။

ရသေ့သည် ဝီရိယစိုက်၍ ဆောင်ရွက်ခဲ့၏။ ဝီရိယအကျိုးကို ခံစားရ၏။ မိတ်ဆွေကောင်းတို့က မေတ္တာ တုံ့ပြန်ကြ၏။ မိတ်ဆွေတစ်ယောက်ကောင်း၍ အားလုံးချမ်းသာကြ၏။

ဘုရားအလောင်းသည် ရသေ့အပေါင်းတို့ကို ဤသို့ အဆုံး အမ ပေး၏။

## ဇာတ်ပေါင်းသော်

ရသေ့သည် ယခု – ဝတ်နှင့်ပြည့်စုံသောရဟန်း၊

ရသေ့တို့၏ ဆရာသည် – ငါဘုရား

ဟု ဇာတ်တော်ကို ပေါင်း၏။

www.dhammadownload.com



# ၅။ စွန်လင်မယားနှင့်မိတ်ဆွေကောင်းများဝတ္ထု

(၄၀၆၊မဟာဥက္ကုသဇာတ်)

## ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ်-မိတ္တဗန္ဓက သီတင်းသည်ကို အကြောင်းပြု၍ ဟောတော်မူ၏။

အမျိုးကောင်းသား မိတ္တဗန္ဓကသည် အမျိုးသမီး တစ်ဦးထံသို့ မိတ်ဆွေတစ်ယောက်ကို စေလွှတ်၍ တောင်းရမ်းစေ၏။ ထိုအခါ အမျိုးသမီးက "အို အရှင်၊ ဖြစ်ပေါ်လာသောအမှုကိစ္စကို ဆောင်ရွက်နိုင်ပါသလော၊ အဆွေခင်ပွန်း၊ အပေါင်းအဖော်များ ရှိပါသလော"ဟု မေး၏။

"ရှင်မ- မရှိပါ" ဟု ပြောသောအခါ "သို့ဖြစ်လျှင် အဆွေခင်ပွန်း အပေါင်းအဖော်များ ရအောင် ရှာပါဦးလော့"ဟု ပြောလိုက်၏။

ထိုအမျိုးကောင်းသားသည် ထိုမိန်းမ၏ အလိုကျအတိုင်း ရှေးဦးစွာ တံခါးစောင့်လေးဦးနှင့် မိတ်ဖွဲ့၏။ ထို့နောက် မြို့စောင့်အမတ်ကြီးနှင့် လည်းကောင်း၊ စစ်သူကြီးနှင့် လည်းကောင်း၊ အိမ်ရှေ့မင်းနှင့် လည်းကောင်း၊ မင်းကြီးနှင့် လည်းကောင်း အစဉ်အတိုင်း အဆွေခင်ပွန်း ဖွဲ့၏။ ထို့နောက် ရှစ်ကျိပ်သောမဟာထေရ်တို့နှင့်လည်းကောင်း၊ ရှင်အာနန္ဒာနှင့် လည်းကောင်း၊ မြတ်စွာဘုရားနှင့်လည်းကောင်း၊ မိတ်ဖွဲ့ပြန်၏။ ထိုအခါမှစ၍ သီတင်းသည်သည်(မိတ္တဗန္ဓက)မိတ်ဖွဲ့တတ်သူဟု ထင်ရှား၏။

www.dhammadownload.com



မင်းကြီးသည် မိတ္တဗိန္ဒကအား ခမ်းနားသောအိမ်ကိုပေး၍ ထိမ်းမြားမင်္ဂလာကိုပြုစေ၏။ မင်းကြီးမှစ၍ လူအများတို့သည် လက်ဆောင်ပို့ကြ၏။ မယားဖြစ်သူသည် မင်းကြီးထံမှ လက်ဆောင်ကို အိမ်ရှေ့မင်းအား ပေးပို့၏။ အိမ်ရှေ့မင်းထံမှ လက်ဆောင်ကို စစ်သူကြီးအား ပေးပို့၏။ ဤသို့ စသည်ဖြင့်ပေး၍ မြို့နေလူအပေါင်းတို့အား အဆွေခင်ပွန်းဖွဲ့၏။

ခုနစ်ရက်မြောက် နေ့၌ ဘုရားအမှူးရှိသော သံဃာတော်တို့အား ပင့်ဖိတ်၍ အလှူကြီးပေး၏။ လင်မယားနှစ်ယောက်သည် ဘုရားရှင်၏ ဆွမ်းအနုမောဒနာတရားကို နာကြား၍ သောတာပတ္တိဖိုလ်၌ တည်ကြ၏။

ထိုအခါ ရဟန်းတို့သည် သီတင်းသည် လင်မယားနှစ်ဦး၏ အကြောင်းကို ပြောဆိုနေကြရာ ဘုရားရှင်ကြားသိတော်မူ၍– "ရဟန်းတို့၊ ဤမိတ္တဗိန္ဒကသည် ယခုအခါသာ မိန်းမကို မှီ၍ စည်းစိမ်ကို ရသည်မဟုတ်၊ ရှေးအခါ၌လည်းမိန်းမကို မှီ၍ သားငယ်တို့၏ အသက်များချမ်းသာဖူးပြီ"ဟု အတိတ်ဇာတ်ကို ဟောတော်မူ၏။

## အတိတ်ဇာတ်

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံစဉ်၊ ဗာရာဏသီမြို့အနီးရှိ ရွာတစ်ရွာမှ ရွာသား အချို့တို့သည် အမဲ သားငါး ရရှိရာအရပ်၌ ရွာတည်ကြပြီး တော၌ လှည့်လည်၍ အမဲ သားငါးရှာဖွေ၍ အသက်မွေးကြ၏။ ထိုရွာ အနီး၌ အလိုလိုဖြစ်နေသော ရေအိုင်ကြီး ရှိသည်။ ထိုအိုင်၏ တောင်အရပ်၌ စွန်ဖိုတစ်ကောင်သည် နေ၏။ အနောက်အရပ်၌

www.dhammadownload.com



စွန်မသည် နေ၏။ မြောက်အရပ်၌ ခြသေ့်မင်းသည် နေ၏။ အရှေ့အရပ်၌ ဝန်လိုငှက်သည် နေ၏။ အိုင်၏ အလယ်၌ လိပ်ကြီးသည် နေ၏။

ထိုအခါ စွန်ဖိုသည် စွန်မအား မယားပြုရန် ပြောဆို၏။ စွန်မသည် စွန်ဖိုအား "အရှင်–အဆွေခင်ပွန်း ရှိ၏လော" ဟု မေး၏။ "ရှင်မ–မရှိပါ"ဟု ပြောသောအခါ "အရှင်–ငါတို့အား ဖြစ်ပေါ်လာသော ဘေးရန်နှင့် ဆင်းရဲကို အဘယ်သူ ဆောင်မည်နည်း။ ကူညီမည့် အဆွေခင်ပွန်း အပေါင်းအဖော်ရခြင်း ငှာ သင့်၏။ အဆွေခင်ပွန်းကို အလျင် ဖွဲ့ဦးလော့" ဟု ပြော၏။ "ရှင်မ–အဘယ်သူတို့နှင့် အဆွေခင်ပွန်း ဖွဲ့ရမည်နည်း"ဟု မေး၏။

"အရှင်–အိုင်၏ အနီး၌ နေကြသော တစ်ရပ်တည်းသား ဖြစ်ကြသည့် ဝန်လိုငှက်နှင့် ခြသေ့်မင်း၊ အိုင်၏ အလယ်၌ နေသော လိပ်ကြီးတို့နှင့် အဆွေခင်ပွန်းဖွဲ့လော့"ဟု ဆို၏။ ထိုအခါ စွန်ဖိုသည် စွန်မ၏စကားကိုဝန်ခံ၍ ဝန်လိုငှက်၊ ခြသေ့်မင်း၊ လိပ်ကြီးတို့နှင့် အဆွေခင်ပွန်းဖွဲ့ပြီးလျှင် စွန်မနှင့် အတူတကွ ပေါင်းဖော်၍ နေ၏။

## အန္တရာယ်ကြုံပါပြီ

စွန်လင်မယားနှစ်ကောင်တို့သည် အိုင်ကြီး၏အလယ် ကျွန်းပေါ်ရှိ ထိန်ပင်ပေါ်၌ အသိုက်ပြုလုပ်၍ နေကြ၏။ နောက် သားငယ် စွန်နှစ်ကောင်ကို ဖွားသည်။ ထိုသားငယ်တို့ အမွေး အတောင် မစုံလင်မီ တောလိုက်မုဆိုးတို့သည် တစ်နေ့လုံး

www.dhammadownload.com



မည်သည့် သားငှက်တိရစ္ဆာန်မျှ မရရှိ၍ အိုင်ကြီး၏ အလယ်၌ ရှိသော ကျွန်းသို့ ကပ်ကြ၏။ မောပန်းလှ၍ အမောပြေမှ ငါးလိပ်တို့ကိုရှာမည်ဟု စိတ်ကူးကာ စွန်သိုက်ရှိသော ထိန်ပင် ခြေရင်း၌ အိပ်ကြ၏။

မုဆိုးတို့သည် ခြင်၊ မှက် ကိုက်၍ မအိပ်နိုင်ကြ၊ ခြင်၊ မှက် အကိုက်သက်သာရန် မီးမွေးကြသည်။ မီးခိုးကြောင့် ထိန်ပင် ပေါ်ရှိ စွန်ငှက်ငယ်တို့သည် အသံထွက်ကာ အော်ကြကုန်၏။ ထိုအခါ မုဆိုးတို့သည် ထိန်ပင်ပေါ်မှ ငှက်သံ ကြားရသည်။ ထိုငှက်တို့ကို မီးဖုတ်စားသောက်ကြပြီးမှ အိပ်ကြရန် တိုင်ပင် ကြပြီး မီးရှူးတိုင်တို့ကို ပြုလုပ်ကြ၏။

## ဝန်လိုငှက်ထံ အကူအညီတောင်း

ထိုအခါ စွန်မသည် စွန်ဖိုအား "အရှင်-ငါတို့ သားငယ် များ၏ အသက်အန္တရာယ်ကား ကြီးမားလှ၏။ အဆွေခင်ပွန်း တို့ထံ သွားရောက်ပြောကြားချေလော့၊ သားငယ်တို့၏ ပျက်စီး ရမည့်အရေးကို ပြောကြားချေလော့" ဟုတိုက်တွန်း၏။

စွန်ဖိုသည် ဝန်လိုငှက်ထံ လျင်မြန်သောအဟုန်ဖြင့် သွား၍ "အဆွေဝန်လိုငှက်၊ သင်ကား ငှက်အပေါင်းတို့တွင် မြတ်သော ငှက်တည်း၊ အကျွန်ုပ်တို့သည် သင်ငှက်မင်းကို ဆည်းကပ်ပါ၏။ မုဆိုးတို့သည် အကျွန်ုပ်၏ သားငယ်တို့ကိုစားရန် စီစဉ်နေကြ၏။ သားငယ်တို့၏အသက်ချမ်းသာရာရအောင် ကူညီစောင့်ရှောက် တော်မူပါ"ဟု တောင်းပန် ပြောဆိုလေ၏။

**ပညာရှိသော သူတို့သည် မိတ်ဆွေကောင်းကိုရှာကြ၏။**

ထိုခါ ဝန်လိုငှက်သည် "အဆွေစွန်ဖို၊ ပညာရှိတို့သည် အကြောင်းရှိသည် ဖြစ်စေ၊ မရှိသည် ဖြစ်စေ အဆွေခင်ပွန်း

www.dhammadownload.com



အပေါင်းအဖော် ဖွဲ့ကြ၏။ စင်စစ် မြတ်သော အကျင့်ရှိသော သူသည် မြတ်သော အကျင့်ရှိသောသူ၏ကိစ္စကို ပြုလုပ်ဆောင် ရွက်မြဲ ဖြစ်၏။ မုဆိုးတို့သည် သစ်ပင်ပေါ် တက်နေပြီလော၊ သင် သွားနှင့်ပါ၊ သင့်ဇနီး စွန်မကိုလည်း စိတ်ချမ်းသာရန် ပြောကြားနှင့်ပါ၊ ကျွန်ုပ် ချက်ချင်း လိုက်လာခဲ့ပါမည်" ဟုပြော၏။

## ဝန်လိုငှက်၏ ကူညီမှု

စွန်ဖိုသည် စွန်မအား ဖြေသိမ့်၍ ပြောကြား၏။ မုဆိုးတို့ သည် မီးရှူးတိုင်တို့ကိုကိုင်၍ ထိန်ပင်ပေါ်သို့တက်၍ စွန်သိုက် အနီးသို့ပင် ရောက်နေပေပြီ။ ဝန်လိုငှက်သည် အဟုန်ဖြင့် လိုက် လာပြီး အနီးရှိ သစ်ပင်တစ်ပင်၌ အကဲခတ်၍ နားလိုက်၏။ ဝန်လိုငှက်သည် အိုင်သို့ဆင်းကာ အတောင်တို့ကို ရေဆွတ်ပြီး နှုတ်သီးဖြင့် ရေကိုငုံပြီး မုဆိုး၏ စွန်သိုက်အနီးရောက်ရှိနေသည့် မီးတိုင်ကို ငြိမ်းစေ၏။ မုဆိုးသည် ဒေါသထွက်ကာ ဤ ဝန်လို ငှက်ပါ စားမည်ဟု ကြုံးဝါး၏။

နောက် မုဆိုးတို့သည် မီးရှူးတိုင်အသစ် ထပ်လုပ်ပြီး တက် ပြန်၏။ ဝန်လိုငှက်သည် ယခင်အတိုင်းပင် ငြိမ်းသတ်ပြန်၏။ ဤနည်းနှင့် ဝန်လိုငှက်သည် သန်းခေါင်ယံတိုင်အောင်ဆောင်ရွက် ပြုလုပ်၏။

## အဆွေခင်ပွန်းအတွက် အသက်ကိုပင် စွန့်ကြသည်

စွန်မသည် ဝန်လိုငှက်၏ ပင်ပန်းမှုကို သိမြင်နေ၏။ ထို့ကြောင့် စွန်ဖိုကို-

"အို- အရှင်စွန်ဖို၊ ဝန်လိုငှက်ကို သွားတောင်းပန်ပါ၊ နားပါချေ-

www.dhammadownload.com



ပန်းလှပါပြီ၊ လိပ်ကြီးထံသို့ တစ်ဖန်သွားရောက်ပြီး အကူအညီ တောင်းပါ" ဟု ပြောလေ၏။

ထိုအခါ စွန်ဖိုသည် ဝန်လိုင်ကက်ထံ ချဉ်းကပ်၍ "အဆွေဝန်လိုင်ကက်၊ သင်ကား ပင်ပန်းလှပါပြီ၊ သင်၏ ကျေးဇူးကား ကြီးမားလှပါပြီ၊ အတန်ငယ် အနားယူပါဦး၊ အသင် အသက်ရှည်ပါမှ ကျွန်ုပ်၏သားငယ်များ အသက်ချမ်းသာရာ ရပါလိမ့်မည်"ဟု တောင်းပန်၏။

ထိုအခါ ဝန်လိုင်ကက်က "အဆွေစွန်၊ သင်တို့ဆင်းရဲခြင်းကို စောင့်ရှောက် ပြုလုပ်အပ်သော ငါ၏ ကိုယ်ခန္ဓာသည် ပျက်စီးဆုံးရှုံးရသော်လည်း ပင်ပန်းရကျိုး နပ်ပါ၏။ ပင်လည်း မပင်ပန်းပါ၊ စင်စစ် အချို့သော အဆွေခင်ပွန်းတို့သည် အသက်ကို စွန့်လျက် အဆွေခင်ပွန်းတို့၏ အမှုကိစ္စကို ဆောင်ရွက်ကြကုန်၏။ ဤအလေ့အကျင့်သည် သူတော်ကောင်းတို့၏ အလေ့အကျင့် ဖြစ်ကုန်၏" ဟု ပြောဆိုကာ ဥဒါန်းကျူးရင့်လေ၏။

## လိပ်ကြီးထံ အကူအညီတောင်းပြန်

စွန်ဖိုသည် ဝန်လိုင်ကက်ကို နှုတ်ဆက်၍ ပြန်ခဲ့ပြီး လိပ်ကြီးထံသို့ ချဉ်းကပ်လျက်-

"အို- အဆွေလိပ်၊ အဆွေတို့သည် စည်းစိမ်ဥစ္စာ ပျက်စီးသော်လည်းကောင်း၊ မိမိတို့အမှု ချွတ်ချော် တိမ်းပါးသော်လည်းကောင်း သနားခြင်း၌ တည်ပါကုန်၏။ ငါ၏ သားငယ်တို့သည် ပျက်စီးရမည့်ဘေးနှင့် ကြုံတွေ့နေရပါ၏။ သို့အတွက် အဆွေလိပ်ကို ကိုးကွယ်ရာတစ်ခုပြု၍ လာခဲ့ရပါ၏။ အကျွန်ုပ်၏

www.dhammadownload.com



အကျိုးစီးပွားကို ကျင့်ပါလော့ဟု အဖြစ်အပျက် အလုံးစုံကို ပြောကြားပြီးလျှင် တောင်းပန်ပြန်၏။

လိပ်သည် စွာန်စကားကို ကြားရလျှင်-

"အဆွေစွန်၊ ပညာရှိတို့သည် ဥစ္စာဖြင့် လည်းကောင်း၊ စကားဖြင့်လည်းကောင်း၊ ကိုယ်ဖြင့်လည်းကောင်း အဆွေခင်ပွန်း အပေါင်းအဖော် ဖွဲ့ကြကုန်၏။ ငါသည် သင်၏ အမှုကိစ္စကို ပြုလုပ်ပါမည်။ စင်စစ် မြတ်သောအကျင့်ရှိသော သူသည် မြတ်သော အကျင့်ရှိသောသူ၏ အမှုကိစ္စကို ပြုလုပ်မြဲသာဖြစ်၏" ဟု ပြောဆိုဝန်ခံ၏။

## သားတို့တာဝန်

ထိုအခါ သားငယ်ဖြစ်သောလိပ်သည် ဖခင်လိပ်နှင့် စွန်တို့၏ ပြောဆိုသံကိုကြားရ၍ "အို-ဖခင်၊ သားတို့မည်သည် ဖခင်၏ အကျိုးစီးပွားတို့ကို ဆောင်ရွက်ရမည့် တာဝန် ရှိပါသည်၊ အကျွန်ုပ်ပင် ဖခင်ကိုယ်စား ဆောင်ရွက်ပါမည်"ဟု ပြော၏။

ဖခင်လိပ်ကြီးက "ချစ်သား၊ စင်စစ်လျှင် သားတို့မည်သည် အဖ၏ အကျိုးစီးပွားကို ကျင့်ရမြဲဖြစ်သည်။ ဤသို့ ကျင့်ခြင်းသည် သူတော်ကောင်းတို့ သဘောတည်း၊ ကြီးသော ကိုယ်ရှိသော ငါ့ကိုမြင်လျှင် မုဆိုးတို့သည် စွန်၏ သားငယ်တို့ကို လွှတ်ကြလိမ့်မည်"

ဟု ပြောကာ သားငယ်လိပ်ကို နှစ်သိမ့်ပြီး စွန်ဘက်သို့ လှည့်၍ "အဆွေစွန် သွားနှင့်ပါ၊ အကျွန်ုပ် နောက်က အမြန် လိုက်ခဲ့ပါမည်"ဟု ပြောဆို၏။

www.dhammadownload.com



စွန်သည် ရှေ့က သွားနှင့်ပြီး လိပ်ကြီးသည် နောက်မှ ထက်ချပ်မကွာ လိုက်သွားလေ၏။

## လိပ်ကြီး၏ ကူညီမှု

လိပ်ကြီးသည် အိုင်တွင်းမှ ညွှံများနှင့် မှော်တို့ကို ရစ်ပတ်ဖွဲ့နှောင်ပြီး မုဆိုးတို့၏ မီးဖို၌ ဝပ်၏။ မီးဖိုသည် တစ်ခဏချင်း ငြိမ်းသွား၏။

မုဆိုးသည် မိမိတို့ မီးဖို၌ လိပ်ကြီးဝပ်နေသည်ကိုမြင်ကြလျှင် အားရဝမ်းသာဖြင့် "ငါတို့အား ငှက်သားသည် အဘယ်အကျိုးရှိအံ့နည်း။ လိပ်ကြီးကို သတ်မှ ငါတို့အားလုံးအတွက် လုံလောက်မည်"ဟု တိုင်ပင်ကြပြီး လိပ်ကြီးကို နွယ်တို့ဖြင့်လည်းကောင်း၊ ပုဆိုးတို့ဖြင့် ဖွဲ့နှောင်ရစ်ပတ်ပြီး ဆွဲကြ၏။ လိပ်ကြီးသည် တစ်ဟုန်ထိုး ရေနက်ရာသို့ ရုန်းသွား၏။ မုဆိုးတို့ကလည်း လိုချင်လောဘဇောဖြင့် ခြေကုတ်လက်ကုတ် တစ်အားရုန်းကန်ဆွဲကြ၏။ လိပ်ကြီးကလည်း ရေနက်ရာသို့ ဆွဲ၏။ နောက်ဆုံး မုဆိုးတို့သည် လိပ်ကြီးနောက်သို့ ပါသွားကြ၏။

မုဆိုးတို့သည် ဝမ်းထဲတွင် ရေများပြည့်ပြီး နစ်မွန်းကြရာ လူပင်လျှင် လက်မတင် အလွတ်ရုန်းကြပြီး ကုန်းပေါ်သို့ ပြေးခဲ့ကြရ၏။

"အချင်းတို့၊ ဝန်လိုငှက်ကလည်း ဘန်းခေါင်ယံတိုင်အောင် ငါတို့မီးရှူးတို့ကို ငြိမ်းစေခဲ့၏။ ယခုလည်း လိပ်ကြီးသည်မီးကို ငြိမ်းရုံမက ရေနက်ထဲသို့ဆွဲသွားပြန်ရာ ပုဆိုးတွေလည်း ဆုံး၊ လူလုံးမှအနိုင်နိုင် အလွတ်ရုန်းကြရသည်။ နံနက် အရုဏ်တက်မှပင် ငှက်သားငယ်တို့ကို စားကြစို့ရဲ့"ဟု တိုင်ပင်ကြပြီး မီးတိုင်တို့ကို စီစဉ်ပြန်၏။

www.dhammadownload.com



## ခြသေ့်မင်းထံ အမြန်သွား

စွန်မသည် စွန်ဖိုကို ပြော၏။ "အို–အရှင်၊ မုဆိုးတို့ မီးတိုင်တို့ကို စီစဉ်ကြပြန်ပြီ၊ ခြသေ့်မင်းထံသွား၍ အကူအညီတောင်းခံပါဦး"ဟု ပြော၏။

စွန်ဖိုလည်း ခြသေ့်မင်းထံ အမြန်သွား၍–

"သားအပေါင်းတို့ထက် ဝီရိယမြင့်မြတ်သော ခြသေ့မင်း၊ ကျွန်ုပ်တို့၏ သားငယ်အတွက် ခြသေ့်မင်းကို ကိုးကွယ်ပြုရန် လာခဲ့ပါ၏။ သင်ကား ကျွန်ုပ်တို့မင်း ဖြစ်ပါ၏။ ကျွန်ုပ်တို့အား ချမ်းသာအောင် ဆောင်ရွက်ပါ"ဟု တောင်းပန်၏။

"အဆွေစွန်၊ သင်၏ အမှုကိစ္စကို ငါသည် ဆောင်ရွက်မည်၊ မိမိ အဆွေခင်ပွန်းအား ဘေးရန် ဖြစ်လာသည်ကို သိသော ငါသည် စောင့်ရှောက်ခြင်းငှာ အဘယ့်ကြောင့် အားမထုတ်ဘဲ ရှိအံ့နည်း"

ဟု ပြောပြီး "အဆွေစွန်သာ သွားနှင့်လော့၊ သင်၏သားငယ်တို့ကို နှစ်သိမ့်စေလော့"ဟု ပြောဆို၏။

ခြသေ့်မင်းလည်း ချက်ချင်း လိုက်သွား၏။ မုဆိုးတို့သည် ခြသေ့်မင်း လာသည်ကို မြင်ကြလျှင် ငါတို့တော့ သေရတော့မည်ဟု ပြောဆိုကြကာ ခြေဦးနှင့်ဒူးတည့်ရာသို့ ကမန်းကတန်း ပြေးကြ၏။

ထိန်ပင်ရင်းသို့ ခြသေ့်မင်း ရောက်လာသည်ကို မြင်လျှင် စွန်လင်မယား၊ ဝန်လိုင်ငှက်၊ လိပ်တို့သည် ခြသေ့်မင်းထံ ချဉ်းကပ်ကြ၏။ ခြသေ့်မင်းက "သင်တို့သည် ယနေ့မှစ၍ အဆွေခင်ပွန်းသဘောကို မဖျက်ကြကုန်လင့်၊ မမေ့မလျော့ဘဲနေကြကုန်"ဟု ဆုံးမပြီး ဖဲသွား၏။

www.dhammadownload.com



စွန်လင်မယား၊ ဝန်လိုင်ငှက်၊ လိပ်တို့သည် ညီညွတ် သွေးစည်းကြကာ မိမိတို့နေရာသို့ ပြန်ကြ၏။

**အပေါင်းအသင်း အသိုင်းအဝိုင်း**

စွန်မသည် မိမိ၏ သားငယ်တို့ကိုကြည့်ကာ ဝမ်းမြောက်လျက် အရှင်မင်း ဟူသော အဆွေခင်ပွန်း ရှိသူ၊ ရဲရင့်သော အဆွေခင်ပွန်းရှိသော သူတို့သည် အကျိုးစီးပွားကို ပြည့်စုံစေနိုင်၏။ ထိုသူတို့သည် အဆွေခင်ပွန်း၏ အကျင့်နှင့် ပြည့်စုံသော သူတို့ ဖြစ်ကုန်၏။ ဤလောက၌ အဆွေခင်ပွန်းရှိခြင်း၊ အခြံအရံရှိခြင်း၊ ဂုဏ်ကျက်သရေတို့ဖြင့် တိုးတက်ခြင်းရှိသော သူသည် ချမ်းမြေ့မွေ့လျော်ရ၏။

"အရှင်၊ သူဆင်းရဲသည်လည်း အဆွေခင်ပွန်းတို့ ဖွဲ့ရာ၏။ ကြည့်ရှုပါ၊ အဆွေခင်ပွန်းတို့၏ သနားခြင်း၊ ကူညီခြင်းကြောင့် ငါတို့သည် သားတို့နှင့် မကွဲမပြား နေကြရကုန်၏"

ဟု အဆွေခင်ပွန်းတို့၌ ကျင့်ခြင်း၏ ကျေးဇူး စကားကို စွန်မက ပြောကြား၏။

ထိုအဆွေခင်ပွန်းတို့လည်း အဆွေခင်ပွန်းသဘောကို မဖျက်ကုန်ဘဲ အသက်ထက်ဆုံး တည်ကြကုန်လျက် သေလွန်သောအခါ ကံအားလျော်စွာ လားကြကုန်၏။

**ဇာတ်ပေါင်းသော်**

ငှက်မိုး,စွန်မတို့သည် –သိတင်းသည်လင်မယား၊
သားလိပ်ငယ်သည် – ရာဟုလာ၊
ဖခင်လိပ်ကြီးသည် – မောဂ္ဂလာန်၊
ဝန်လိုင်ငှက်သည် – သာရိပုတ္တရာ၊
ခြင်္သေ့မင်းသည် – ငါဘုရား

ဖြစ်လာ၏ဟု ဇာတ်တော်ကိုပေါင်း၏။

www.dhammadownload.com

(၂)

# ဉာဏ်တုံ့၍မိုက်မဲသူများအကြောင်း ဝတ္ထုများ

## ၁။ ခွေးစကားယုံသူ ဝတ္ထု

(၁၁၃၊သိဂ်ါလဇာတ်)



**ပစ္စုပ္ပန်ဝတ္ထု**

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးစဉ်-
**ဒေဝဒတ်ကို** အကြောင်းပြု၍ ဟောတော်မူသည်။

www.dhammadownload.com



## အတိတ်ဇာတ်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံစဉ်–

ဘုရားလောင်းသည် သုသာန်တော၌ ရက္ခစိုးနတ်ဖြစ်နေ၏။ ထိုစဉ် ဗာရာဏသီပြည်၌ နက္ခတ်ပွဲဖြစ်၏။ လူတို့သည် နက္ခတ်ကို ပူဇော်သည်ဆိုကာ လမ်းလေးဆုံတို့၌ ငါး၊ အမဲတို့ကို ပုံ၍ ထားကြ၏။ အိုးကင်းငယ်များစွာဖြင့် အရက်များ ထည့်၍ ပူဇော်ထားကြ၏။

မြေခွေးတစ်ကောင်သည် မြို့တွင်းသို့ ပြွန်ပေါက်ဝမှ ဝင်၍ အမဲသားတို့ကိုစား၍၊ အရက်တို့ကို သောက်ပြီး ချုံကြားတွင်း၌ မူးမူးနှင့် အိပ်ပျော်သွား၏။ မိုးစင်စင်လင်းမှ နိုးတော့၏။

မြို့ပြင်သို့ ထွက်၍မရတော့၊ လူမြင်လျှင် အသတ်ခံရတော့မည်၊ ဆက်၍လည်း မနေရဲ၊ လမ်းဘေးတွင် လူမမြင်အောင် ဝပ်၍နေ၏၊ မကြာမီ ပုဏ္ဏားတစ်ယောက် မျက်နှာသစ်ရန်လာ၏။ မြေခွေးက စဉ်းစား၏။ ပုဏ္ဏားဆိုသည်မှာ လောဘကြီး၏။ ငွေမက်၏၊ ငွေနှင့်မျှားမည်ဟုကြံစည်ကာပုဏ္ဏားထံကပ်၍–

"ပုဏ္ဏား– ငါ့မှာ ငွေအသပြာ နှစ်ရာရှိသည်။ ငါ့ကို ဘယ်သူမှမမြင်အောင် သင့်ကိုယ်ရုံပုဆိုးဖြင့် ထုပ်ပြီး ချိုင်းကြားမှာ ပွေ့ယူပြီး မြို့ထဲက ထုတ်ပေးလျှင် ထိုငွေနှစ်ရာပေးမည်"ဟု ဆို၏။ ပုဏ္ဏားက ငွေလိုချင်၍ မြေခွေးပြောသည့်အတိုင်း အဝတ်နှင့်အုပ်ကာ ချိုင်းကြားမှာ ပိုက်လျက် ယူသွား၏။

သုသာန်သို့ရောက်သော် "ဤမှာချလော့" ဆို၏။ ပုဏ္ဏားက ချပေးသော် ပုဆိုးကို ဖြန့်ခင်းခိုင်းပြီး သစ်ပင်ရင်းမှ မြေကို

www.dhammadownload.com



တူးစေ၏။ ပုဏ္ဏားမြေတူးနေစဉ် မြေခွေးသည် ပုဏ္ဏားခင်းထားသော ပုဆိုးပေါ်တွင် သေးပန်းပြီး ချုံတွင်းသို့ ဝင်ပြေး၏။

ဘုရားလောင်း ရုက္ခစိုးသည် သစ်ပင်ခွကြားမှနေ၍-

"ပုဏ္ဏား- အရက်သမား မြေခွေး၏ စကားကို ယုံကြည်သလား၊ ယောက်သွားတစ်ရာပင်မရှိသော မြေခွေးမှာ အသပြာနှစ်ရာ ဘယ်မှာရှိမည်နည်း"ဟု ပြောပြီး-

"ပုဏ္ဏား ပြန်တော့၊ သင့်ပုဆိုးကို လျှော်ပြီး ရေမိုးချိုးပြီး ကိုယ်လုပ်စရာရှိတာ လုပ်ပေတော့"ဟု ဆို၍ကွယ်လေ၏။

ဇာတ်ပေါင်းသော်

မြေခွေးသည် - ဒေဝဒတ်
ရုက္ခစိုးနတ်သည်- ငါဘုရား

ဟု ဇာတ်တော်ကို ပေါင်း၏။

www.dhammadownload.com

# ၂။ မိုက်မဲသူကို ဆုံးမမိသောဝတ္ထု

(၃၂၁၊ကုဋိဒူသကဇာတ်)



## ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ်-

အရှင်မဟာကဿပသည် ရာဇဂြိုဟ်ပြည်ကို အမှီပြုသော ကုဋီကျောင်း၌ နေတော်မူ၏။

အရှင်မဟာကဿပမထေရ်ကို ရဟန်းငယ်နှစ်ပါးတို့ လုပ်ကျွေးကြ၏။ ဝေယျာဝစ္စဆောင်ရွက်ကြ၏။

www.dhammadownload.com



တစ်ပါးသော ရဟန်းငယ်သည် တကယ့်စေတနာနှင့် ပြုစု လုပ်ကျွေး၏။ တစ်ပါးက သူတစ်ပါးလုပ်သမျှကို သူ လုပ်ဟန် အယောင်ဆောင်တတ်သူ ဖြစ်၏။ ရဟန်းငယ်က မျက်နှာသစ်ရေ တည်ထားပြီးသောအခါ အယောင်ဆောင်သူသည် သူတည် လေဟန် ဦးစွာ လျှောက်၏။ တံမြက်လှည်းသော ကိစ္စ၊ သောက်ရေခပ်သော ကိစ္စ စသည် များတွင်လည်း သူများက လုပ်ထားပြီးလျှင် သူက ဦးစွာသွား၍ မျက်နှာလိုအားရ သူ လုပ်ထားသယောင် ဟန်ဆောင် လျှောက်ထားပြီး မျက်နှာယူ လေ့ရှိ၏။

တကယ် လုပ်ကိုင်ရသော ရဟန်းငယ်မှာ ကြာတော့ မခံနိုင် ဖြစ်လာ၏။ တစ်ခုခုတော့ လုပ်မှဖြစ်မည်ဟု ဆုံးဖြတ်ပြီး တစ်နေ့ တွင် စောစောထကာ မီးတင်းကုပ်၌ ချိုးရေကြို၏။ ထိုရေ နွေးကို ရေချိုးအိမ်အပြင်ဘက်၌ထားကာ တစ်မှုတ်စာမျှသော ရေနွေးကိုချန်၍ မီးဖိုပေါ်တင်၍ ထား၏။

ဆုံးမခက်သော ရဟန်းငယ်သည် အိပ်ရာမှနိုးလျှင် ရေနွေး အိုးမှ အငွေ့ထွက်နေသည်ကို မြင်၍ မျက်နှာလိုအားရ မထေရ် မြတ်ထံသွားပြီး ရေချိုးရန် လျှောက်ထား၏။ မထေရ်မြတ်လည်း ထိုရဟန်းနှင့်အတူ လိုက်လာ၏။ ဆုံးမခက်သောရဟန်းငယ်သည် အငွေ့ထွက်နေသော ရေနွေးအိုးတွင် ရေရှိသည့်ထင်ပြီး ရေ မှုတ်နှင့် ခပ်၏။ ရေမရှိသဖြင့် အိုးဖင်နှင့်ရေမှုတ် ခိုက်မိသဖြင့် ခေါက်ခေါက်မည်သောအသံထွက်လာ၏။ ထိုအခါမှစ၍ ဆုံးမ ခက်သော ရဟန်းငယ်အား ဥလုက်သဒ္ဒဟု အမည်တွင်လေ၏။

ရေနွေးတကယ်ကျိုသော ရဟန်းငယ်သည် ရေနွေးအိုးကို ယူလာပြီး မထေရ်အား ရေချိုးရန်ကပ်၏။ မထေရ် သည် အကြောင်းကို သိသွား၏။

www.dhammadownload.com



ညဥ့်ဦးတွင် မထေရ်က ဆုံးမခက်သော ရဟန်းငယ်အား–

"ငါ့ရှင်၊ ရဟန်းမည်သည် ကိုယ် မလုပ်ဘဲ လုပ်သည်ဟု မပြောဆိုရ၊ မုသာဝါဒဖြစ်၏။ နောက်ကို ဤသို့ မလုပ်သင့်"ဟု ဆုံးမ၏။ ဥလုက်သဒ္ဒသည် မထေရ်မြတ်ဆုံးမသည်ကို စိတ်ဆိုး၍ မထေရ်မြတ်နှင့်အတူ ဆွမ်းခံ မလိုက်တော့၊ တစ်ပါးတည်း ဆွမ်းခံဝင်၏။ မထေရ်မြတ်၏ ဒါယိကာမတို့က မေးလျှင် မထေရ်မြတ်မကျန်းမာ၍ ကျောင်းမှာနေရစ်သည်။ မည်သို့သော ဆွမ်းဟင်းကို မထေရ်မြတ်အတွက် အလိုရှိသည်ဟု ပြောကာ အလှူခံပြီးလျှင် လမ်းတွင် စား၍ပစ်လိုက်၏။

## ကျောင်းကို မီးတင်ရှို့ပြီ

နောက်တစ်နေ့ မထေရ်မြတ် ထိုအိမ်သို့ ဆွမ်းခံကြွ၏။ ဒါယကာတို့ လျှောက်ထား၍ သိလျှင် ဆိတ်ဆိတ်သာ နေ၍ ဆွမ်းစားပြီး ကျောင်းသို့ပြန်ခဲ့၏။

ညနေတွင် ရဟန်းငယ်အား မနေ့က အကြောင်းကိုပြော ပြပြီး ဤသို့မပြုအပ်ကြောင်းဆုံးမ၏။ ရဟန်းငယ်သည်စိတ်ဆိုး၍ ရန်ငြိုးဖွဲ့၏။ နောက်တစ်နေ့ မထေရ်မြတ် ဆွမ်းခံ ဝင်သွားလေလျှင် ထိုရဟန်းငယ်သည် မထေရ်၏ အသုံးအဆောင်တို့ကို ရိုက်နှက် ထုချေကာ သစ်ရွက်မိုး ကုဋိကျောင်းကို မီးတိုက်ပြီး ထွက်ပြေးလေ၏။

ထိုရဟန်းငယ်သည် အသက်ရှင်လျက်ပင် လူပြိတ္တာဖြစ်၍ သေလွန်သောအခါ အဝီစိသို့ ကျလေ၏။

## ဘုရားရှင်ထံ လျှောက်ကြပြန်

ရာဇဂြိုဟ်ပြည်မှ ရဟန်းအချို့ ဇေတဝန်ကျောင်းသို့ ဘုရား ရှင်ထံ ဖူးမြော်ရန် လာကြရာ ရှင်မဟာကဿပအကြောင်းကို

www.dhammadownload.com



မေးတော်မူ၍ နေထိုင်ရာ ကျောင်းကို ရဟန်းငယ် ဖျက်ဆီးကြောင်း လျှောက်ထားရာ မြတ်စွာဘုရားက ထိုရဟန်းငယ်သည် ယခုမှသာ မဟုတ်၊ ရှေးကလည်း ဆုံးမသော သူအား အမျက်ထွက်၍ ဖျက်ဆီးခဲ့ဖူးပြီဟု အတိတ်ဇာတ်ကို ဟောကြားတော်မူသည်။

## အတိတ်ဇာတ်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံစဉ်-

ဘုရားလောင်းသည် သိင်္ဂါလငှက်မျိုး၌ ဖြစ်၏။

ဟိမဝန္တာဝယ် မိုးလုံလေလုံ လှပသော အသိုက်ကို ဆောက်ပြီး နေ၏။

မိုးအဆက်မပြတ် ရွာသော နေ့တစ်နေ့တွင် မျောက်တစ်ကောင်သည် ခိုက်ခိုက်တုန်လျက် မိုးရေထဲတွင် သစ်ကိုင်းကို ခိုကာ နေရရှာ၏။ သိင်္ဂါလငှက်မြင်လျှင် မျောက်အား-

"အို-မျောက်၊ သင်သည် ဦးခေါင်း၊ လက်ခြေမှ အစ လူနှင့်တူပါလျက် အဘယ်ကြောင့် အိမ်မရှိသနည်း" ဟု မေး၏။

မျောက်က-

"အို-သိင်္ဂါလငှက်၊ ငါ၏ ဦးခေါင်း၊ လက်၊ ခြေတို့မှာ လူနှင့်တူပါ၏၊ သို့သော် ငါ့မှာ လူတို့ကဲ့သို့ ပညာဉာဏ် မရှိပါ"ဟု ပြန်ပြော၏။

ထိုအခါ သိင်္ဂါလငှက်သည်-

"အို-မျောက်၊ ပေါ့ပေါ့ ပြက်ပြက် လုပ်တတ်ပြီး စိတ်မတည်ကြည်၊ အဆွေခင်ပွန်းကို ပြစ်မှားတတ်ပြီး သီလ မရှိသောသူမှာ စိတ်၏ ချမ်းသာ ကိုယ်၏ ချမ်းသာခြင်း ရှိမည်

www.dhammadownload.com



မဟုတ်၊ အို-မျောက်၊ သင်သည် မိမိအားကို အသုံးပြုပြီး အချမ်းနှင့် လေကို ကာကွယ်နိုင်သော အိမ်ကို ဆောက်လုပ်လော့”ဟု တိုက်တွန်း၏။

ထိုအခါ မျောက်သည် မိုးလုံလေလုံထဲကနေပြီး ငါ့ကို ဆုံးမနေသည်တဲ့ အမျက်ထွက်ကာ ငှက်ကို ဖမ်းရန် ပြေးလာ၏။ ငှက်သည် ပျံ၍ တစ်နေရာ၌ နား၏။ မျောက်သည် အသိုက်ကို မှုန့်မှုန့်ညက်ညက်ကြေအောင် ဖျက်ဆီးသွားလေ၏။ ဤသို့လျှင် နားထောင်လေ့ မရှိသော၊ အမျက်ထွက်တတ်သော သူမိုက်ကို ဆုံးမလျှင် အကျိုးကို ဖျက်ဆီးတတ်သည်သာတည်း။

## ဇာတ်ပေါင်းသော်

မျောက်သည် - မြနာခံသော ရဟန်းငယ်၊
သိဂါလိငှက်သည် - ငါဘုရား

ဟု ဇာတ်တော်ကိုပေါင်း၏။

www.dhammadownload.com



## ၃။ အရက်သမားနှင့် လိုတိုင်းရအိုး

(၂၉၁၊သုရာဃဋဇာတ်)



### ဇာတ်ပြန်ဝတ္ထု

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ်- အနာထပိဏ်သူဌေးကြီး၏ တူတော်တစ်ယောက်သည်မိဘ အမွေကို သုံးဖြုန်း၍ အသောက်အစား အားကြီးကာ ဆင်းရဲ သွား၏။ သူဌေးကြီးထံလာ၍လက်ဖြန့်၏။ အရင်းအနှီးလုပ်ရန် ငွေ အသပြာတစ် ထောင် ပေးလိုက် ၏။ အရက် ဖိုးဖြင့် ကုန်ပြန်၏။နောက်တစ်ဖန် အသပြာငါးရာ ပေးလိုက်ပြန်၏။ အရက်သောက်၍ ကုန်ပြန်၏။ နောက်ထပ်တစ်ဖန် ပုဆိုးနှစ်ထည် ပေးလိုက်ပြန်၏။ ရောင်းစား၍ အရက်သောက်ပြန်၏။ နောက်

www.dhammadownload.com



တစ်ကြိမ်လာသောအခါ သူဌေးကြီးသည် ဘာမျှမပေးဘဲ အိမ်မှ နှင်ထုတ်လိုက်၏။

သူဌေးတူလည်း ကြည့်မည့်သူမရှိ၍ သူတစ်ပါးတိုက်နံရံကို မှီ၍ သေရ၏။ အရပ်က အလောင်းကို မြို့ပြင်၌စွန့်ပစ်ကြ၏။

သူဌေးကြီးသည် မြတ်စွာဘုရားထံ ရောက်လျှင် တူတော်မောင်၏ အကြောင်းကို လျှောက်ထားရာ မြတ်စွာဘုရားက အတိတ်ဇာတ်ကို ဟောတော်မူသည်။

## အတိတ်ဇာတ်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းစိုးစံစဉ်–

ဘုရားလောင်းသည် ဗာရာဏသီသူဌေးကြီးဖြစ်၏။ သားတစ်ယောက်တည်းသာ ရှိ၏။ သူဌေးကြီးသည် ကောင်းမှုကုသိုလ်ပြု၍ သေလွန်သောအခါ သိကြားမင်းဖြစ်၏။

သူဌေးသားသည် အပေါင်းအသင်းများနှင့် အရက်ကို နေ့ရောညပါ ဝိုင်းဖွဲ့၍သောက်၏။ သူနှင့်အပေါင်းအသင်းများအား ဆုပေးခြင်း၊ မိန်းမကြိုးခြင်း စသည်ဖြင့် ပျော်ပါး သုံးဖြုန်းကာ နေ၏။ မကြာမီပင် ပစ္စည်းများ ကုန်ခန်း၍ ဆင်းရဲနွမ်းပါးသွား၏။ သူ ဆင်းရဲသောအခါ အပေါင်းအသင်းများ မရှိတော့ပေ။ ဒုက္ခရောက်နေ၏။

## သိကြားမင်းမနေသာ၍

သိကြားမင်းသည် သားအဖြစ်ကို သိမြင်သဖြင့် လူ့ပြည် ဆင်းကာ ဣစ္ဆာသယ လိုတိုင်းရသည့် အိုးတစ်လုံးကိုပေး၏။ "ဤအိုး မကွဲအောင်စောင့်ရှောက်ပါ၊ ဤအိုးရှိနေသမျှ အလိုဆန္ဒရှိသမျှရလိမ့်မည်။ သတိထား၍ အိုးကိုသုံးပါ"ဟု အကြိမ်ကြိမ် မှာကြားပြီး နတ်ပြည်သို့ ပြန်သွား၏။

www.dhammadownload.com



သူဌေးသားသည် လိုတိုင်းရ အိုးကိုရသဖြင့် အလွန်ပျော်၏။ ပျော်သလောက် အရက် သောက်၏။ အရက်သောက်လွန်းသဖြင့် အမူးလွန်ကာ ဣစ္ဆာသယ လိုတိုင်းရ အိုးကို ကောင်းကင်သို့ မြှောက်ပြီး အောက်က လက်နှင့်ခံ၏။ မူးနေ၍ ဖမ်းမမိဘဲ မြေသို့ကျ၍ကွဲလေ၏။ အိုးကွဲသောအချိန်မှစ၍ ပြန်၍ဆင်းရဲပြီး သူတစ်ပါးတိုက်နံရံ၌ မှီလျက်သေရ၏။

မြတ်စွာဘုရားသည် အတိတ်ဇာတ်ကို ဟောတော်မူပြီးနောက် "အရက်သမားသည် အိုးကိုရသော်လည်း အသုံးမတတ်၍ ပူပန်ဆင်းရဲရသကဲ့သို့၊ လူမိုက်သည် ငွေကြေးများစွာ ရသော်လည်း အရက်သေစာကို သောက်စားပျော်မြူးကာ မေ့မေ့ လျော့လျော့ သုံးစွဲ၍ ကုန်ခန်းပြီးနောက်၌ ပူပန်ဆင်းရဲရ၏"ဟု ဟောကြားဆုံးမတော်မူ၏၊

## ဇာတ်ပေါင်းသော်

အိုးခွဲသောလူမိုက်သည် - ယခု သူဌေးကြီး၏တူ၊
သိကြားမင်းသည် - ငါဘုရားဖြစ်လာ၏။
ဟု ဇာတ်တော်ကိုပေါင်း၏။

www.dhammadownload.com

# ၄။ ဆင်သားကိုကြိုက် မြေခွေးမိုက်

(၁၄၈၊သိင်္ဂါလဇာတ်)



**ပစ္စုပ္ပန်ဝတ္ထု**

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ်–

သာဝတ္ထိပြည်မှ သူဌေးသား ငါးရာတို့သည် မိဘတို့ထံ အတင်းအကျပ် တောင်းခံ၍ ရဟန်းပြုကြရ၏။ ထိုသူဌေးသား ရဟန်းငါးရာတို့သည် မိတ်ဆွေ ...ယ်ချင်းများ ဖြစ်ကြ၏။ **ဇေတဝန်** ကျောင်းတော်၏ ဝင်းအတွင်း အစွန်၌ နေကြရ၏။

မြတ်စွာဘုရားသည် ညဥ့်သန်းခေါင်ယံ၌ သဗ္ဗညုတဉာဏ်ဖြင့် ဇေတဝန်ကျောင်းတော်ရှိ ရဟန်းတို့ကို ဆင်ခြင်ကြည့်ရှု

www.dhammadownload.com



လေလျှင် သူဌေးသား ရဟန်းငါးရာတို့၏ စိတ်သန္တာန်ဝယ် ကိလေသာစိတ်တို့ ထိုးဖောက် ဝင်ရောက်နေသည်ကို သိမြင်တော်မူသဖြင့် ထိုရဟန်းငါးရာတို့အား အရဟတ္တဖိုလ်သို့ ပေးတော်မူသဖြင့် ထိုရဟန်း ငါးရာတို့အား အရဟတ္တဖိုလ်သို့ ပေးတော်မူမည်ဟု ကြံစည်တော်မူလျက်၊ အရှင်အာနန္ဒာအား ဂန္ဓကုဋီ ပရိဝုဏ်အတွင်း ရဟန်းတို့ကို စည်းဝေးစေ၍ ရဟန်းတို့အား ဟောကြားတော်မူလေသည်မှာ-

ကိုယ်တွင်း၌ ဖြစ်သော ကိလေသာကို ငယ်သည်ဟုမထင်နှင့်၊ ကိလေသာဟူသည် ရန်သူနှင့်တူ၏။ ရန်သူမှာ ငယ်သည်ဟု မရှိ၊ အခွင့်ရလျှင် ပျက်စီးနိုင်အောင် လုပ်သကဲ့သို့၊ ကိလေသာ အနည်းငယ်ကို စိတ်တွင်း၌ လက်ခံထားလျှင် ပွားများလာပြီး ပျက်စီးခြင်းသို့ ရောက်စေ၏။

ကိလေသာသည် ချက်ချင်း သေစေတတ်သော အဆိပ်နှင့်တူ၏။ ကိလေသာသည် အရေပြား၌ ပေါက်သော အိုင်းနာနှင့်တူ၏။ အဆိပ်ပြင်းသော မြွေ၊ မိုးကြိုး လောင်မီးနှင့်တူ၏။

ကိလေသာစိတ်အနည်းငယ်ငြိတွယ်လာသည်နှင့်တစ်ပြိုင်နက် ပညာစွမ်းဖြင့်လည်းကောင်း၊ ဘာဝနာစွမ်းဖြင့်လည်းကောင်း ချက်ချင်း လွင့်ပျောက်သွားအောင် ပယ်ဖျက်စွန့်အပ်၏။

"ရှေးပညာရှိတို့သည် အနည်းငယ်သော ကိလေသာကိုပင် ကဲ့ရဲ့၍ နောက်ထပ်တစ်ဖန် ပြန်မလာအောင်နှိပ်စက်ကြကုန်၏" ဟု မိန့်တော်မူကာ အတိတ်ဇာတ်ကို ဟောကြားတော်မူသည်။

www.dhammadownload.com



## အတိတ်စာတ်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံစဉ်–
ဘုရားလောင်းသည် မြွေခွေးဖြစ်၍ မြစ်နား၌ နေ၏။

ထိုနေရာတွင် ဆင်အိုတစ်ကောင်သေနေ၏။ မြွေခွေး မြင်လျှင် ဝမ်းမြောက်စွာ နှာမောင်းကို ကိုက်၏။ မာလွန်း၍ ကိုက်မရ၊ အစွယ်ကို ကိုက်ကြည့်၏၊ ကိုက်မရ၊ နားရွက်ကို ကိုက်ပြန်၏၊ ဆွဲ၍မရ၊ ဘယ်နေရာ ကိုက်ကြည့်ကြည့် ကိုက်၍မရသဖြင့် စိတ်ပျက်နေ၏။

## ဆင်သားကို အားပါးတရ စားရပါပြီ

မြွေခွေးသည် ဟိုကိုက်သည်ကိုက်နှင့် ကိုက်၍မရ၊ ဆင့်ဖင်ကို ကိုက်မိမှ ပျော့ပျော့ပျောင်းပျောင်း တွေ့၍ အားရဝမ်းသာ စား၏။ တဖြည်းဖြည်း စားရင်း စားရင်း ဆင့်ဖင်ထဲဝင်၍ ဆင် ဝမ်းတွင်းသို့ ရောက်သွား၏။ အူ၊ အသည်း၊ နှလုံးတို့ကို စားရ၏။ အလွန်ဖိမ်ကျနေ၏။ ရေငတ်လျှင် သွေးကိုသောက်၏။ အိပ်သောအခါ ဝမ်းရေကို ဖြန့်၍ အိပ်၏။

ဤသို့ စားစရာ၊ သောက်စရာအသင့်၊ အိပ်စရာနေရာအသင့် ဖြစ်၍ မြွေခွေးသည် ဆင်ဝမ်းထဲမှာနေရာမှ အပြင်က နွေရာသီ နေပူရှိန်ကြောင့် ဆင်သည် တဖြည်းဖြည်း ခြောက်ကပ်ပြီး ဆင် ဖင်ပေါက် ပိတ်သွားလေ၏။ ဆင်သေကောင် ခြောက်သော် အသားလည်း ခြောက်၊ အသွေးလည်း ခန်းတော့၏။

ထိုအခါ မြွေခွေးသည် အသက်ရှူကျပ်လာသဖြင့် ထွက် ပေါက်ကို ရှာ၏။ ထွက်ပေါက်မရ သေရတော့မည်ဟု သိ၍

www.dhammadownload.com



ဟိုတို့ သည်တို့ ပြု၏။ မြေခွေးသည် များစွာ စိတ်ဆင်းရဲရ၏။

နှစ်ရက်သုံးရက် ကြာလျှင် မိုးသည်းထန်စွာ ရွာ၏။ မိုးစို၍ ဆင်သေကောင်ဖောင်းပွလာပြန်၏။ မြေခွေးသည် ထွက်ပေါက်ကို မြင်၏။ အားရဝမ်းသာ တစ်ဟုန်ထိုး ပြေး၍ တိုးထွက်၏။ အမွေးများ ကျွတ်ကျန်ခဲ့၏။ အပြင်သို့ရောက်သော် အမွေးတုံးနေသော ကိုယ်ကို ကြည့်၍ ထိတ်လန့်တုန်လှုပ်စွာဖြင့်–

"ငါသည် ဤဆင်းရဲကို ဘယ်သူမျှမပြု၊ အစာ မက်မောသော ကိလေသာလောဘဆိုးနှိပ်စက်၍ ငါကိုယ်တိုင်ပင် ပြုလုပ်မိ၏။ ယနေ့မှစ၍ နောက်နောင် ဘယ်တော့မှ မဝင်တော့ပါ"ဟု ထိုအရပ်မှ ပြေးလေသည်။

မြတ်စွာဘုရားသည် ဤအတိတ်ဇာတ်ကို ဟောတော်မူပြီးနောက် ရဟန်းတို့ မိမိတို့ ကိုယ်တွင်းသန္တာန်၌ ဖြစ်လာသော ကိလေသာကို မပွားများစေဘဲ ဖြစ်သောခဏမှာပင် နှိမ်နင်းကြရမှာဟု မိန့်တော်မူ၏။

**ဇာတ်ပေါင်းသော်**

မြေခွေးသည် – ယခု ငါးဘုရားဟု ဇာတ်တော်ကိုပေါင်း၏။

www.dhammadownload.com

# ၅။ ကောလာဟလကြောင့် ပြေးရရှာသူများ

(၃၂၂၊ဒုဒ္ဒုဘဇာတ်)



**ပစ္စုပ္ပန်ဝတ္ထု**

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ်-

တိတ္ထိတို့သည် ဇေတဝန်ကျောင်းအနီး၌ ဒိပ်ကြပြီး အထူးထူး အပြားပြားသော မိစ္ဆာအကျင့်တို့ကို ကျင့်နေကြ၏။

ထို မိစ္ဆာအကျင့် ကျင့်သူတို့ အကြောင်းကို ရဟန်းတို့ မေးလျှောက်ရာ၊ မြတ်စွာဘုရားသည် "ရဟန်းတို့-ဤသူတို့သည် ပြေးသံကြားနှင့် တရားကျင့်ကြသောသူများ ဖြစ်၏။ ဒုတ်ဒုတ်သံကြားသော ယုန်ငယ်နှင့်တူ၏" ဟု မိန့်တော်မူကာ အတိတ်ဇာတ်ကို ဟောကြားတော်မူ၏။

www.dhammadownload.com



## အတီတ်ဟတ်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းစိုးစံစဉ်၊ ဘုရားလောင်းသည် ခြင်္သေ့ဖြစ်၍ တော၌နေ၏။ ထိုအခါ ယုန်ငယ်တစ်ကောင်သည် ဥသျှစ်ပင်အနီး၌ ထန်းပင်ငယ်တစ်ပင်၏ အရွက်အောက်တွင် အစာစားပြီး ဝပ်၍နေရင်း-

## ဒုတ်ဒုတ်သံကြား အထင်မှား

"အကယ်၍ မြေပြိုလျှင် ဘယ်သွားနေရမှာလဲ"ဟု စဉ်းစားနေခိုက် ဥသျှစ်သီးတစ်လုံး ထန်းရွက်ခြောက်ပေါ် ကြွေကျသဖြင့် 'ဒုတ်-ဒုတ်' အသံ မြည်ဟီးသွား၏။

## မြေပြိုပြီ-မြေပြိုပြီ

ယုန်ငယ်သည် မြေပြိုပြီဟုထင်ပြီး ခုန်၍ နောက်သို့ လှည့်မကြည့်ဘဲ "မြေပြိုပြီ-မြေပြိုပြီ" ဟု အော်၍ တအားပြေး၏။

အခြားယုန်များလည်း "မြေပြိုပြီ"အသံကြားသည်နှင့် မစဉ်းစားတော့ဘဲ "မြေပြိုပြီ-မြေပြိုပြီ"ဟု နောက်က လိုက်၍ ပြေးကြ၏။ ဤသို့ဖြင့် ယုန်တစ်သိန်းမျှ စုမိကာ ဦးတည်ရာ အစုလိုက် ပြေးကြ၏။

ယုန်တို့ပြေးသည်ကို သမင်တို့မြင်၍ မေးရာ မြေပြိုပြီဟု ပြောသဖြင့် သမင်တို့ပါ ပြေးကြပြန်၏။ သို့ဖြင့် အဆင့်ဆင့်ပြောကာ ဝက်တို့သည်လည်းကောင်း၊ စိုင်တို့သည်လည်းကောင်း၊ ကျွဲ၊ နွား၊ ကြံ့၊ ကျား၊ ခြင်္သေ့၊ ဆင်တို့သည် အစုလိုက် အစုလိုက် နောက်ကလိုက်၍ ပြေးကြ၏။ ဤသို့ဖြင့် တောလုံးအနှံ့ မရေ

www.dhammadownload.com



မတွက်နိုင်လောက်အောင် များပြားလှသော တိရစ္ဆာန်တို့သည် "မြေပြိုပြီ မြေပြိုပြီ" ဟု အော်ဟစ်ကြသော အသံမှာ ပွဲတင် ထပ်လျက် နေ၏။

ထိုအခါ ခြင်္သေ့မင်းသည် တိရစ္ဆာန်အပေါင်းတို့ ပြေးသည်ကို မြင်၍ မေး၏။ မြေပြို၍ ပြေးကြသည်ဟု ကြားလျှင် ခြင်္သေ့မင်းသည် စဉ်းစား၏။ မြေပြိုသည်မှာ တစ်ခါမျှမကြားစဖူး. အသံ တစ်ခုခု ကြား၍ ပြေးသည်သာဖြစ်ရမည်။ ငါမကယ်လျှင် ပျက်စီးကြတော့မည်ဟု ကြံစည်ကာ ခြင်္သေ့၏ အဟုန်ဖြင့် သွားရင်း သုံးကြိမ်ဟောက်၏။ ခြင်္သေ့ဟောက်သံ ကြားသော အခါ တိရစ္ဆာန်တို့သည် နောက်သို့ ပြန်ကြည့်ကာ တန့်နေကြ၏။

ခြင်္သေ့မင်းသည် တိရစ္ဆာန်တို့၏ အလယ်သို့ သွားကာ–

"သင်တို့ မြေပြိုသည်ဆိုပြီး ပြေးကြသည်၊ မြေပြိုသည်ကို ဘယ်သူမြင်သနည်း" ဟု မေးလျှင် "ဆင်တို့သိပါသည်" ဟု ပြောကြ၏။ ဆင်က "ခြင်္သေ့တို့ပြေ၍" ဟု ဆိုပြန်၏။ ခြင်္သေ့က ကျားကို လွှဲချ၏။ ဤသို့ဖြင့် တစ်ဆင့်တစ်ဆင့် လွှဲချနေကြရာ ဆက်၍ စစ်မေးရင်း စစ်မေးရင်းပင် ယုန်သူငယ်ထံသို့ ရောက် သွား၏။ ထိုအခါမှ အမှုမှန်ပေါ်တော့၏။ ယုန်သူငယ်က "ဒုတ်ဒုတ်" မြည်သံကြားရကြောင်းပြောပြ၏။ ခြင်္သေ့မင်းသည် စဉ်းစားမိပြီး ဘာကြောင့် ဒုတ်ဒုတ်မြည်သည်ကိုမူ ကေန်မသိ ပါ။ တိရစ္ဆာန်အပေါင်းတို့အား မြေပြိုသည့် နေရာကို ငါအရင် သွားနှင့်မည်၊ ဤမှာစောင့်ကြဟုဆိုကာ ယုန်သူငယ်ကိုခေါ်၍ မြေပြိုသည့်နေရာကို ကိုယ်တိုင်သွား၍ ကြည့်တော့မှ ထန်းရွက် ပေါ် ဥသျှစ်သီးကျသည့်အဖြစ်ကို ဒိဋ္ဌသိရတော့၏။

ခြင်္သေ့မင်းသည် တောတိရစ္ဆာန်အပေါင်းထံ ပြန်လာကာ–

www.dhammadownload.com



"သင်တို့ မကြောက်ကြလင့်" ဟု ပြောဆိုဆုံးမကာ သတ္တဝါအပေါင်းကို သက်သာရာ ရစေကုန်၏။

ခြင်္သေ့မင်းကြောင့်သာ သတ္တဝါအပေါင်းတို့မှာ သေဘေးမှ လွတ်ကင်းကြရ၏။ ဘုရားလောင်း ခြင်္သေ့မင်းသာ မရှိပါလျှင် သတ္တဝါတို့သည် အပြေးလွန်၍ သမုဒ္ဒရာအတွင်းသို့ ကျကာ ပျက်စီးကုန်ကြရာ၏။ ဘုရားလောင်း ပညာရှိကိုမှီ၍ ခပ်သိမ်းသော သတ္တဝါတို့သည် သမုဒ္ဒရာတွင်းသို့ ကျ၍ ပျက်စီးခြင်းမှ လွတ်ကင်းကြရသည် ဖြစ်၏။

ဘုရားဖြစ်တော်မူပြီးနောက် ဟောတော်မူသည်ကား

* ယုန်သည် ဒုတ်ဒုတ်အသံကြား၍ ပြေး၏။ သားအပေါင်းတို့သည် ယုန်ငယ်၏ စကားကိုကြား၍ ကြောက်လန့်ပြီး ပြေးကြပြန်၏။
* လူမိုက်တို့သည် ကိုယ်တိုင် မစဉ်းစားဘဲသူတစ်ပါးစကားကိုသာ အားကိုးကြကုန်၏။ သူတစ်ပါးစကားကို အမြွတ်တနိုးထားကြ၏။ သူတစ်ပါး စကားကိုသာ ယုံကြည်ကြကုန်၏။

ပညာရှိတို့ကား သူတစ်ပါးစကားကို အရမ်းမဲ့မယုံကြည်ကြကုန်။

ဟူ၍ ဟောတော်မူ၏။

## ဇာတ်ပေါင်းသော်

ခြင်္သေ့သည် - ငါဘုရားဟူ၍ ဇာတ်တော်ကိုပေါင်း၏။

●

www.dhammadownload.com

# ၆။ သမုဒ္ဒရာကို ရွှေ့ကြမည့် ကျီးမိုက်များ

(၁၄၆၊ ကာကဇာတ်)

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ်-

ဇေတဝန်ပရိဝုဏ်အစွန်၌ သစ်ရွက်မိုးကျောင်း ဆောက်လုပ်၍ နေကြသော အသက်ကြီးရဟန်းတို့ရှိကြ၏။ ထိုရဟန်းတို့မှာ လူ့ဘ၀က ချမ်းသာသော သူကြွယ်များဖြစ်၍ ချစ်ကြသော မိတ်ဆွေများလည်း ဖြစ်ကြ၏။

တရားတော်ကို နာကြားရ၍ ရဟန်းပြုကြ၏။ တရားကို အားမထုတ်ကြ၊ အသက်ကြီး၍ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့ကို မသင်ကြားနိုင်ကြ၊ ဆွမ်းခံသွားရာတွင်လည်း မိမိတို့သားမယား များအိမ်၌သာ ဆွမ်းစားကြ၏။ ရဟန်းအိုတစ်ပါး၏ မယားသည် အလွန်တာဝန်ကျေ၏။ အခြားရဟန်းအိုတို့သည် ထိုအိမ်သို့ ကြွလာ၍ စုပေါင်းပြီး ဆွမ်းစားကြ၏။ ထိုဒါယိကာမကြီး၏ ဆွမ်းသည် ကောင်း၏။ အမြဲချက်၏။

တစ်နေ့တွင် ဒါယိကာမကြီးသည် ရုတ်တရက် ကွယ်လွန်သွား၏။

ရဟန်းအိုတို့သည် ဟင်းချက်ကောင်းသော ဒါယိကာမကြီး သေခဲ့ပြီဟု အချင်းချင်းလည်ပင်းဖက်ကာ ငိုကြွေးကြ၏။

ထိုအကြောင်းကို တရားသဘင်ဝယ် ပြောကြားကြရာ မြတ်စွာဘုရားက "ရှေးကလည်း ထိုရဟန်းအိုတို့ ကျီးဖြစ်သော ဘ၀တွင် ကျီးမတစ်ကောင် သမုဒ္ဒရာတွင် ကျ၍ သေသဖြင့် သမုဒ္ဒရာရေကို အခြားသို့ ရွှေ့ပြောင်းပြီး ကျီးမကိုယူမည်ဟု လုံ့လပြုသည့် အတိတ်ဇာတ်ကို ဟောကြားတော်မူသည်။

www.dhammadownload.com



အကာကဇာတ်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ်–

ဘုရားလောင်းသည် သမုဒ္ဒရာစောင့်နတ် ဖြစ်၏။

ထိုအခါ ကျီးဖို ကျီးမတို့သည် အစာရှာသွားရင်း သမုဒ္ဒရာနားတွင် လူတို့က နဂါးမင်းအား ပူဇော်ထားသော အမဲ၊ သားငါးနှင့် အရက်များကို တွေ့ကြ၏။ ကျီးဖို ကျီးမတို့သည် အမဲ၊ သားငါး အဝစား၍ အရက်တို့ကို များစွာ သောက်ကြ၏။ ကျီးမသည် အရက်မူးပြီး သမုဒ္ဒရာလှိုင်းထဲသို့ ကျရောက်သွား၏။ ငါးတစ်ကောင်မျို၍ ကျီးမ သေလေ၏။ ကျီးဖိုသည်–

"ငါ့မယား သေပြီ၊ ငါ့မယား သေပြီ"ဟု အော်ဟစ် ငိုကြွေး၏။

ထိုအသံကို ကြား၍ ကျီးတို့သည် ဝိုင်းလာကြ၏။ သတင်းမေးကြ၏။ ဝိုင်းငိုကြ၏။ ကျီးမကို ပြန်ရအောင် ယူမည်။ သမုဒ္ဒရာရေကို တစ်နေရာရွှေ့ကြစို့ဟု ဆိုကာ သမုဒ္ဒရာရေကို ပါးစပ်ဖြင့် ငုံပြီး တစ်နေရာသို့ ယူလာထွေးကြ၏။ ဆားငန်ရေကို ငုံရသဖြင့် အာခြောက်ပြီးလာ၏။ ပင်ပန်းလာသောအခါ တစ်နေရာတွင် အပန်းဖြေကြ၏။ မေးတွေလည်း ညောင်းကုန်၏။ သမုဒ္ဒရာရေကား ပြည့်မြဲပြည့်နေ၏။

သမုဒ္ဒရာစောင့်နတ်သည် ကျီးမိုက်တို့ကို သနားကြင်နာလှသဖြင့် သူတို့အသက်ကို ကယ်မှဖြစ်မည်ဟု ကြောက်မက်ဖွယ်သော အသွင်ကိုပြကာ ကျီးတို့ကို ထိုနေရာမှ ပြေးစေ၏။

ဇာတ်ပေါင်းသော်

သမုဒ္ဒရာစောင့်နတ်သည် – ငါဘုရားဖြစ်လာ၏။

ဟု ဇာတ်တော်ကို ပေါင်း၏။

www.dhammadownload.com

အခန်း (၃)

# နှုတ်ကြမ်း၊ စိတ်ကြမ်း လူသရမ်းများဝတ္ထု

## ၁။ တမာလိုမခါးနှင့် ပျားလိုသာချိုစေ

(၁၄၉၊ ကေပဏ္ဏဇာတ်)

### ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်၊ ကုဋာဂါရ ကျောင်း၌ သီတင်းသုံးစဉ် ဒုဋ္ဌလိစ္ဆဝိမင်းသားကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုအကြောင်းကား၊ ထိုစဉ်က ဝေသာလီမြို့သည် တစ်ဂါဝုတ်လျှင် တံတိုင်းတစ်ထပ်စီဖြင့် တံတိုင်း သုံးထပ်ကာထားသော မြို့ကြီးဖြစ်၏။ သုံးထပ်စလုံး၌ တံခါးပစ္စင်နှင့် အလွှန်တင့်တယ်၏။ ဝေသာလီပြည်ကို မင်းပေါင်း ခုနစ်ထောင် ခုနစ်ရာနှင့် ခုနစ်ယောက်တို့ မင်းပြုကြ၏။ အိမ်ရှေ့မင်းသည်လည်း ထိုမျှ၊ ဘဏ္ဍာစိုးတို့လည်း ထိုမျှရှိကြ၏။

ထိုမင်းသားတို့ အတွင်း၌ တစ်ယောက်သော ဝေသာလီမင်းသားသည် ဒေါသကြီး၏။ ရန့်ရင်းကြမ်းကြုတ်၏။ မြွေဟောက်ကဲ့သို့ အမြဲပင် ရှူးရှူးရှားရှားလုပ်တတ်၏။ သူတစ်ပါးကို နိုင်လို မင်းထက် ပြုတတ်၏။ သူ့ကို ဒုဋ္ဌလိစ္ဆဝိ မင်းသားဟု ခေါ်ကြ၏။

သူ့ကို ဘယ်သူမှ ပြောမရ၊ မိဘဆွေမျိုးတို့က လက်လျှော့ထားရသည်။ မြတ်စွာဘုရားမှတစ်ပါး ဆုံးမနိုင်မည့်သူ မရှိဟု မိဘတို့က မြတ်စွာဘုရားထံ ချော့မော့၍ ခေါ်သွားကြ၏။

မြတ်စွာဘုရားသည် ဒုဋ္ဌလိစ္ဆဝိမင်းသားအား ဆုံးမ၏။

www.dhammadownload.com



## ဒေါသကြီးသူ၏ အပြစ်များ

"မင်းသား-သတ္တဝါတို့သည် ရန့်ရင်း ကြမ်းကြုတ်ပြီး နိုင်ထက်ကလူ လုပ်ခြင်း၊ သူတစ်ပါးအား ညှဉ်းဆဲခြင်းများ မပြုသင့်၊

ကြမ်းကြုတ်သော စကားကို ပြောလေ့ရှိသူအား အဖေ၊ အမေ၊ သား၊ မယား၊ ညီအစ်ကို မောင်နှမ၊ သား၊ သမီး၊ သူငယ်ချင်းမိတ်ဆွေတို့သည် မနှစ်သက်ကြ။

ကိုက်ရန်လာသော မြွေ၊ နှိပ်စက်ရန်လာသော လူဆိုး၊ သူခိုး၊ စားရန်လာသော ဘီလူးကဲ့သို့ ကြောက်လန့်တတ်ကြ၏။

တမလွန်ဘဝ၌ ငရဲသို့ ကျတတ်၏။

ဤဘဝ၌ပင် ဒေါသကြီးသော ပုဂ္ဂိုလ်သည် အဖိုးတန် တန်ဆာများ လှပစွာ ဝတ်ဆင်ထားသော်လည်း အသွင်အပြင် မလှ။

ဒေါသကြီးသောသူ၏ မျက်နှာသည် မီးလျှံထိသော ပဒုမ္မာကဲ့သို့ လည်းကောင်း၊ အညစ်အကြေး ကပ်သော ကြေးမုံပြင်ကဲ့သို့ လည်းကောင်း မကြည်မလင် အဆင်းမလှ ဖြစ်ရ၏။

ထိုဒေါသကြောင့် လူတို့သည် ကိုယ့်ကိုယ်ကို သတ်ကြ၏။ အဆိပ်သောက်ကြ၏။ ကြိုးဆွဲ၍ သေတတ်ကြ၏။ ကမ်းပါးပြတ်သို့ ခုန်ဆင်းကြ၏။

ဒေါသဖြင့် သေလျှင် ငရဲ အစရှိသည်တို့၌ ဖြစ်ကြ၏။

## နိုင်ထက်ကလူ ပြုတတ်သူမှာ

သူတစ်ပါးကို နိုင်ထက်ကလူညှဉ်းဆဲတတ်သော သူတို့သည် မျက်မှောက်တွင်ပင် လူအပေါင်းတို့ ကဲ့ရဲ့ခြင်းကို ခံကြရပြီး၊ သေသည်၏နောက်၌ ငရဲ အစရှိသည်တို့၌ ကျကုန်၏။

www.dhammadownload.com



လူ့အဖြစ် တစ်ဖန် ရပြန်ပါလည်း မွေးကတည်းက ရောဂါ အထွေထွေနှင့် မွေးလာတတ်၏။

လူနှင့်ရောဂါ အဆက်မပြတ်ဖြစ်နေတတ်၍ အမြဲပင် ကိုယ်၏ ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်း ဖြစ်နေရ၏။

ထို့ကြောင့် သတ္တဝါအားလုံးအပေါ်၌ မေတ္တာနှင့် ယှဉ်သောစိတ်ရှိပြီး နူးညံ့သောစိတ်ကို မွေးရာ၏။

ဒေါသအမျက်ကြီးသော ပုဂ္ဂိုလ်သည် ငရဲဘေးမှ မလွတ် ဟူ၍ မြတ်စွာဘုရားသည် မိန့်တော်မူ၏။

## တစ်ကြိမ်ဟောရုံဖြင့် သဘောပေါက်သူ

ထို ဒုဋ္ဌလိစ္ဆဝီမင်းသားသည် မြတ်စွာဘုရား အဆုံးအမကို တစ်ကြိမ်သာ နာကြားရုံဖြင့် မာနကင်းကွာ ယဉ်းကျေးနူးညံ့လာ သည်ဖြစ်၏။ သူတစ်ပါးတို့ ဆဲရေး ပုတ်ခတ်သော်လည်း ပြန်၍ မကြည့်၊ အစွယ်ကျိုးသော မြွေကဲ့သို့ ဒေါသ၊ မာန်မာန မရှိတော့ သည်သာ ဖြစ်၏။

ရဟန်းတို့သည် ထိုအကြောင်းတို့ကို တအံ့တဩ ပြောကြား ဆွေးနွေးကြ၏။

မြတ်စွာဘုရား ကြွလာတော်မူလျှင် အဘယ်စကားဖြင့် စည်း ဝေးကြသနည်းဟု မေးတော်မူ၍ ဒုဋ္ဌလိစ္ဆဝီ မင်းသားကို တစ် ကြိမ်တည်း ဆုံးမခြင်းအကြောင်းကို စည်းဝေးကြပါသည်ဟု နားတော်လျှောက်၏။

မြတ်စွာဘုရားသည် ရှေးကလည်း တစ်ကြိမ်တည်းဖြင့် ဆုံးမ ခဲ့ဖူးပြီဟု အတိတ်ဇာတ်ကို ဟောတော်မူသည်။

www.dhammadownload.com



## အတိတ်ဇာတ်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံစဉ်-

ဘုရားလောင်းသည် ဗျာန်ရ ရသေ့ဖြစ်၍ ဟိမဝန္တာမှ ဗာရာဏသီသို့ ချဉ်ဆားအလို့ငှာ ကြွရာ၊ ယင်းမင်း၏ ပင့်လျှောက်ချက်အရ မင်းဥယျာဉ်တွင် သီတင်းသုံးနေ၏။ မင်းသည် တစ်နေ့ နှစ်ကြိမ် သုံးကြိမ် ဘုရားလောင်းထံ ခစား၏။

ထိုမင်းတွင် ရိုင်းစိုင်းကြမ်းကြုတ်သော တစ်ဦးတည်းသော သားရှိ၏။ မိဘဆွေမျိုးတို့က ဆုံးမလည်းမရ၊ ထင်ရာပြော၊ ထင်ရာလုပ်နေ၍ ဒုဋ္ဌကုမာရဟု ခေါ်ကြ၏။

ဗြဟ္မဒတ်မင်းသည် ဘုရားလောင်း ရသေ့အား လျှောက်ထား၍ ဒုဋ္ဌကုမာရအား အပ်၏။

## တမာပင်ပေါက်

ဘုရားလောင်းသည် မင်းသားကို ခေါ်၍ ဥယျာဉ်တွင်း၌ လှည့်လည်၏။ တစ်နေ့ရာတွင် ရွက်ညွန့် နှစ်ရွက်သာထွက်သော တမာပင်ငယ်ကို တွေ့လျှင် မင်းသားအား ထိုအရွက်တစ်ရွက်ကို စားကြည့်စေ၏။ ခါး၍ "ထွီ-"ဟု ထွေးပစ်လိုက်၏။ ဘုရားလောင်းက-

"ဘာဖြစ်လို့လဲ" ဟု မေး၏။

"အရှင်ဘုရား၊ ဤသစ်ပင်ငယ်သည် အရွက်ကလေး နှစ်ရွက်သာ ထွက်ပြီး မြေကြီးပေါ် လက်လေးသစ်မှ မတက်ရသေး၊ ယခုပင် အဆိပ်ကို စားရသလို ခါးနေသည်၊ ကြီး၍ အသီးများ

www.dhammadownload.com



သီးလျှင် လူများစွာကို သတ်လိမ့်မည်" ဟု ပြောပြောဆိုဆို တမာပင်ကို နုတ်ယူပြီး လက်ဖြင့်နယ်ချေကာ မြေပေါ်သို့ လွှင့်ပစ်၏။

ထိုအခါ ဘုရားလောင်း ရသေ့က–

"မင်းသား၊ သင်သည် ဤတမာပင်ငယ် ကြီးလာလျှင် ခက်မည်ဟု ယခုကပင် နုတ်၍နယ်၍ လွှင့်ပစ်၏။ ထို့အတူ သင်သည် တမင်ပင်ကဲ့သို့ ရန့်ရင်းကြမ်းကြုတ်ကာ ထင်ရာ စိုင်းနေမည်ဆိုလျှင် ငယ်ငယ်ကပင် ဆုံးမ၍မရ၊ ကြီး၍ မင်းဖြစ်လျှင် ခက်ခြိမ့်မည်ဟု သင့်ကို တမာပင်ကဲ့သို့ ပြည်မှ နှင်ထုတ်ကြလိမ့်မည်။ သင်သည် တမာရွက်လို လူအများ မရွံရှာအောင် ခန္တီ၊ မေတ္တာ၊ ကရုဏာနှင့် ပြည့်စုံပါစေ"ဟု ဟောကြား၏။

ထိုနေ့မှစ၍ မင်းသားသည် မာန ကင်း၍ ခန္တီ၊ မေတ္တာ၊ ကရုဏာတို့ဖြင့် ပြည့်စုံလေသဖြင့် အဖလွန်လျှင် မင်းအဖြစ်သို့ ရောက်ပြီး ကံအားလျော်စွာ နတ်ပြည်သို့ လားလေ၏။

## ဇာတ်ပေါင်းသော်

ဒုဋ္ဌကုမာရသည် – ယခုလိစ္ဆဝီမင်းသား၊
ဗြဟ္မဒတ်မင်းသည် – အာနန္ဒာ၊
ရသေ့သည် – ငါဘုရား
ဟု ဇာတ်တော်ကို ပေါင်း၏။

www.dhammadownload.com

# ၂။ နှုတ်ရှိမှ လူကြည်ညိုမည်
## (၂၆၉၊ သုဇာတာဇာတ်)



### ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အနာထပိဏ်သူဌေးကြီး၏ ချွေးမ ဖြစ်သော သုဇာတာကား ဓနဉ္စယသူဌေးကြီး၏ သမီးဖြစ်၍ ဝိသာခါ၏ ညီမဖြစ်၏။

သုဇာတာသည် အနာထပိဏ်သူဌေးကြီး၏ ချွေးမအဖြစ် သူဌေးကြီးအိမ်သို့ ရောက်လျှင် "ငါသည် ဆွေကြီး မျိုးကြီး၏ သမီးဖြစ်သည်"ဟု အလွန် မာနကြီး၏။

www.dhammadownload.com



လင်ဝတ်၊ ယောကျ္ာမဝတ်များကို ပြုလေ့မရှိ။

အိမ်သူအိမ်သားတို့ကို ကြိမ်းမောင်း၏။ ရိုက်နှက်၏။

တစ်နေ့၌ မြတ်စွာဘုရားသည် အနာထပိဏ် သူဌေးကြီး အိမ်သို့ ရဟန်းငါးရာနှင့် ကြွလာ၏။ သူဌေးကြီးသည် မြတ်စွာဘုရားထံ ဝရားနာနေစဉ် သုဇာတာသည် အိမ်သားတို့အား ဆူဆူညံညံ ကြိမ်းမောင်းနေ၏။ မြတ်စွာဘုရားသည် တရားဟောကို ခဏရပ်ကာ "မည်သူ့အသံနည်း" ဟု မေး၏။ သူဌေးကြီးက "ချွေးမ သုဇာတာ အသံ ဖြစ်ပါသည်။ လင်ဝတ်၊ ယောကျ္ာမဝတ်ကိုမပြု၊ အိမ်ရှိလူကုန်နှင့် အမြဲတမ်း ကြိမ်းမောင်းရန်ဖြစ်နေပါသည်"ဟု လျှောက်၏။

မြတ်စွာဘုရားသည် သုဇာတာကို ခေါ်စေ၍–

"သုဇာတာ၊ မယားအပြားခုနစ်ပါးတွင် သင် အဘယ်သို့သော မိန်းမ ဖြစ်သနည်း" ဟု မေး၏။

"အရှင်ဘုရား၊ အကျယ်မိန့်တော်မူမှ သိပါမည် ဘုရား" ဟု လျှောက်ထား၏။

## မယားခုနစ်မျိုး

၁။ လင်ကို သတ်ဖြတ်ရန် လုံ့လပြုနေသဖြင့် "လူသတ်" နှင့် တူသော မယား၊

၂။ လင်၏ ပစ္စည်းကို ခိုးသဖြင့် "သူခိုး" နှင့် တူသော မယား၊

၃။ လင်ကို အနိုင်ယူတတ်သဖြင့် "အရှင်" နှင့် တူသော မယား၊

၄။ လင်ကို မိခင်ကဲ့သို့ စောင့်ရှောက်တတ်သဖြင့် "အမိ" နှင့် တူသော မယား၊

www.dhammadownload.com



၅။ လင်ကို နှမကဲ့သို့ ရှိသေသဖြင့် "နှမ" နှင့် တူသော မယား၊

၆။ လင်ကို အဆွေခင်ပွန်းကဲ့သို့ ချစ်ခင်သဖြင့် "အဆွေခင်ပွန်း" နှင့် တူသော မယား၊

၇။ လင်၏ အလိုသို့ အမြဲလိုက်ပြီး လင့်ဝေယျာဝစ္စ တို့ကို ဆောင်ရွက် ပေးတတ်သောကြောင့် "ကျွန်မ" နှင့် တူသော မယား-

ဟူ၍ မယား ခုနစ်ယောက် ရှိသည် ထိုခုနစ်ယောက်တို့တွင်-

"လူသတ်နှင့်တူသော မယား၊ သူခိုးနှင့် တူသော မယား၊ အရှင်နှင့် တူသောမယား၊ ဤမယား သုံးယောက်တို့သည် သေလျှင် ငရဲသို့ ရောက်၏။

ကျန်မယား လေးယောက်တို့သည်နိမ္မာနရတိ နတ်ပြည်သို့ ရောက်၏" ဟု ဟောတော်မူ၏။

ဤသို့ ဟောတော်မူစဉ်ပင် သုဇာတာသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

မြတ်စွာဘုရားသည် သုဇာတာအား "မယား ခုနစ်ယောက်တွင် အဘယ်မယားနည်း" ဟု မေးတော်မူ၏။ သုဇာတာက "ကျွန်နှင့် တူသော မယားပါဘုရား"ဟု လျှောက်ထား၏။

မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးပြီး ဇေတဝန်ကျောင်းသို့ ကြွတော်မူ၏။

တရားသဘင်ဝယ် ရဟန်းတို့က "မြတ်စွာ ဘုရားသည် သုဇာတာအား တစ်ကြိမ်တည်းဆုံးမရုံနှင့် သောတာပတ္တိဖိုလ်၌ တည်စေကုန်၏"ဟု ပြောကြားနေကြရာ၊ မြတ်စွာဘုရား ကြွား

www.dhammadownload.com



သိတော်မူ၍ "ရှေးကလည်း တစ်ကြိမ်တည်းပင် ဆုံးမခဲ့ဖူးပြီ" ဟု မိန့်တော်မူပြီး အတိတ်ဇာတ်ကို ဟောတော်မူ၏။

## အတိတ်ဇာတ်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံစဉ်၊ ဘုရားလောင်းသည် ဗြဟ္မဒတ်မင်းဖြစ်၏။ မယ်တော် မိဖုရားကြီးသည် ကြမ်းကြုတ်၏။ ဒေါသကြီး၏။ မင်းကြီးသည် မယ်တော်ကို အဆုံးအမ ပေးနိုင်ရန် အခွင့်ကို ရှာကြံလျက်နေ၏။

တစ်နေ့တွင် ဘုရားအလောင်း ဗြဟ္မဒတ်မင်းသည် ဥယျာဉ်ကစားသွားရာ မယ်တော်လည်းပါလာ၏။ လမ်းတွင် တီတီတွတ် ငှက်သည် စူးစူးရှရှ အော်၏။ ထိုအသံကိုကြားလျှင် ရှိသမျှ လူအပေါင်းတို့က "ငှက်ယုတ် မအော်လင့်" ဟု ဆိုကြကုန်၏။

(တီတီတွတ် ငှက်ဟူသည် အရပ်အခေါ် တစ်တီတူးဖြစ်သည်။ ထပ်တလဲလဲ ကျယ်လောင်စူးရှစွာ အော်မြည်သဖြင့် လူတို့သည် သူ့အသံကို မုန်းကြ၏။ ကြောက်စရာကောင်းသည်ဟု ထင်ကြသည်။)

ဥယျာဉ်တော်သို့ရောက်လျှင် ပွင့်ဖူးစုံလင်သော အင်ကြင်းပင်ပေါ်မှ ဥဩငှက်သည် သာယာသော အသံဖြင့် မြည်၏။ လူတို့က "သာယာလိုက်တာ၊ မြည်ပါဦး" ဟု အင်ကြင်းပင်ပေါ်သို့ မော့ကြည့်ကာ ပြောကြ၏။

## နှုတ်ချိုမှ လူကြည်ညို

ထိုအခါ မင်းကြီးက မယ်တော်အား ပြောကြားသင့်ပြီဟု–

"မယ်တော်– တီတီတွတ် ငှက်သည် အနက်နှင့် အဖြူစပ်လျက် တင့်တယ်သော မျက်လုံးရှင် ဖြစ်ပါသော်လည်း

www.dhammadownload.com



ရှန့်ရင်းကြမ်းတမ်းသောအသံ၊ ဗူးဗူးရှရှ အော်မြည်သံကြောင့် မည်သူမျှ မနှစ်သက်ပါ။ ထို့အတူ ကြမ်းကြုတ်သောစကား ကြိမ်းမောင်းသော အသံကို မည်သူမျှ နားမထောင်လိုပါ။ နားကိုပိတ်ကြသည်။ အဆင်းမလှဘဲ တစ်ကိုယ်လုံး မည်းနက်နေသော ဥဩငှက်သည် သိမ်မွေ့နူးညံ့သော စကားသံကြောင့် လူများစွာက သာယာလှ၍ နှစ်သက်စွာ ကြားချင်ပါသေးသည်ဟု ဆိုကြသည် မဟုတ်ပါလော။ ထို့ကြောင့် သိမ်မွေ့နူးညံ့စွာ ဆိုလေ့ရှိသူ၏စကားသည် ချိုမြိန်ကောင်းမြတ်လှ၏" ဟု တရားဟော၏။

ထိုနောက် ဘုရားအလောင်းသည်-

မယ်တော် ရှန့်ရင်းကြမ်းကြုတ်သောအသံရှိသည့် တီတီတွတ်ငှက်ကို လူတို့ မနှစ်သက်ပါ။ သိမ်မွေ့ နူးညံ့သော အသံရှိသည့် ဥဩငှက်ကိုလူတို့ ချစ်ခင် နှစ်သက်ကြပါသည်။ ဤအကြောင်းနှစ်ပါးကို စဉ်းစားတော်မူပါ"ဟု မယ်တော်အား ပြောဆိုလေသည်။

ထိုအခါမှစ၍ မယ်တော်သည် တစ်ကြိမ်တည်းဖြင့် သိမ်မွေ့နူးညံ့ကာ မာန်မာနမရှိဘဲ အကျင့်သီလကို စောင့်ထိန်းလေ၏။

## ဇာတ်ပေါင်းသော်

မယ်တော်မိဖုရားသည် - ယခု သုဓောဒနာ၊

ဗာရာဏသီမင်းသည် - ငါဘုရားဖြစ်လာ၏။

ဟု ဇာတ်တော်ကို ပေါင်း၏။

www.dhammadownload.com

# ၃။ ပြည်သူမုန်းသည့် မင်း

(၂၄၀၊ မဟာပိင်္ဂလဇာတ်)

## ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ်-ဒေဝဒတ် သေဆုံး၍ လူအများ နှစ်သက်ဝမ်းမြောက်ကြခြင်းကို အကြောင်းပြု၍ ဟောတော်မူသည်။

## အတိတ်ဇာတ်

ဗာရဏသီပြည်၌ မဟာပိင်္ဂလမင်း စိုးစံစဉ်-
ထိုမင်းသည် မင်းကျင့်တရားနှင့် မညီညွတ်။
အဂတိလေးပါး လိုက်စား၏။
မတရားသဖြင့် အပြစ်ဒဏ်ပေး၏။
မတရားသဖြင့် အခွန်အတုပ်ကောက်ခံ၏။
စက်ဖြင့် ကြံကိုညှစ်သကဲ့သို့ လူကို နှိပ်စက်ညှဉ်းပန်း၏။
ရန့်ရင်းကြမ်းကြုတ်၏။
နိုင်ထက်ကလူ ပြုတတ်၏။
လူကို အနည်းငယ်မျှ ကြင်နာ သနားခြင်းမရှိ။
အိမ်၌နေသော သားမယား၊ သားသမီး၊ ကျေးကျွန်တို့ကလည်း မချစ်မနှစ်သက်။
တိုင်းပြည်၌ ရှိကြသော သူဌေး၊ သူကြွယ်၊ အမတ်၊ ပုဏ္ဏားစသည်များကလည်း မချစ်မနှစ်သက်။
မျက်စိထဲဝင်သော အမှိုက်ကဲ့သို့။
ထမင်းထဲပါသော ကျောက်ခဲကဲ့သို့။

www.dhammadownload.com



ခြေဖနောင့်မှာ ရှူးသော ဆူးကဲ့သို့ ထင်ကြ၏။
ဘုရားလောင်းသည် ထိုမင်း၏ သားတော်ဖြစ်၏။

## မင်းဆိုးသေ၍ အောင်ပွဲကျင်းပ

ထိုမဟာပိင်္ဂလမင်းသည် နှစ်ပေါင်းများစွာ မင်းပြုပြီး သေခဲ့၏။

ဗာရာဏသီတစ်ပြည်လုံး ဝမ်းမြောက်ကြ၏။

နောက်တစ်ကြိမ် ပြန်မလာနိုင်ရန်ဟူ၍ ထင်းတစ်ထောင်ဖြင့် မီးဖိုကြ၏။

ရေအိုးတစ်ထောင်ဖြင့် လောင်း၏။

သင်္ချိုင်းမြေကို လှန်လိုက်ကြ၏။

ထို့နောက် သားတော်ကို မင်းမြှောက်ကြ၏။

တရားစောင့်သောမင်းရပြီဟု တစ်မြို့လုံး အောင်ပွဲခံကြ၏။

တစ်မြို့လုံး တံခွန်၊ ကုက္ကား စိုက်ကြ၏။

ပန်း ပေါက်ပေါက်တို့ ကြဲကြ၏။

အကျွေးအမွေးများဖြင့် စည်ကား၏။

ဘုရားလောင်းသည် ရာဇပလ္လင်၌ နေ၏။

မှူးမတ်၊ ပုဏ္ဏား၊ သူဌေး၊ သူကြွယ်တို့ ခြံရံကာနေကြ၏။

## ကြောက်လွန်းလို့

ထိုအခိုက် နန်းတော် တံခါးကိုစောင့်ရသော တံခါးစောင့်သည် သက်ပြင်းချကာ ငိုကြွေးလေ၏။ ထိုအခါ မင်းက တံခါးစောင့်ကို ခေါ်တွေ့ပြီး-

"သင် အဘယ်ကြောင့် ငိုကြွေးနေသနည်း"

"ပိင်္ဂလမင်းကို သတိရ၍ ငိုကြွေးနေပါသည်ဘုရား"

www.dhammadownload.com



"တစ်တိုင်းပြည်လုံး ဝမ်းမြောက်နေကြသည်၊ သင်ကား ပိဂ်လမင်းကို ချစ်၍ ငိုကြွေးနေသလား၊ ဘယ်လိုလဲ"

"အရှင်မင်းကြီး၊ ပိဂ်လမင်းသည် ပြာသာဒ်မှ ဆင်းတိုင်း အကျွန်ုပ်ဦးခေါင်းကို ရှစ်ချက် ရှစ်ချက် ရိုက်နှက်ပြီးမှ ထွက်သွားပါသည်။ ပြာသာဒ်ကိုတက်တိုင်း ရှစ်ချက် ရှစ်ချက် ရိုက်ပြီးမှ တက်သွားပါသည်။ ယခုတော့ ကျွန်ုပ် ဦးခေါင်းရိုက်မည့်သူ မရှိ၍ သက်သာခဲ့ပါပြီ"

"ငိုရသည့် အကြောင်းရင်းမှာ၊ ဟိုဘက်ဘဝ ငရဲပြည် ရောက်လျှင် ငရဲထိန်းတို့ကို အထွက်ရှစ်ချက်၊ အဝင်ရှစ်ချက် ဦးခေါင်းကို ရိုက်သဖြင့် မခံနိုင်တော့၊ လူ့ပြည် ပြန်ပို့လျှင် သက်သာနေသောဦးခေါင်း ပြန်၍ အရိုက်ခံရဦးမည်ဟု တွေးပူ စိုးရိမ်ပြီး ငိုကြွေးပါ၏"ဟုလျှောက်ထား၏။

ထိုအခါ မင်းက–

"ပိဂ်လမင်းကို ပြန်မလာနိုင်ရန် တစ်ထောင်သော ထင်းမီးဖြင့် တိုက်ပြီး၊ ရေအိုးတစ်ထောင်ဖြင့် လောင်းခဲ့ကာ မြေကို လှန်ခဲ့ပြီး ပိဂ်လမင်း မလာနိုင်တော့ပါ။ စင်စစ် သေပြီးသူ ပြန် မလာနိုင်ပါ၊ မကြောက်ပါလင့်"ဟု တံခါးစောင့်ကို သက်သာရာ ရစေ၏။

## ဇာတ်ပေါင်းသော်

ပိဂ်လမင်းသည် – ဒေဝဒတ်၊

သားတော်သည် – ငါဘုရား

ဟု ဇာတ်တော်ကိုပေါင်း၏။

www.dhammadownload.com

# ၄။ စကားများက ပျက်စီးရ

## စကားကိုလိုသည်ထက်ပို၍ထပ်တလဲလဲပြောက ပျက်စီးရကြောင်းဝတ္ထု

(၁၁၇၊တိတ္တိရဇာတ်)

### ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ်–ကောကာလိကရဟန်းကို အကြောင်းပြု၍ ဟောတော်မူသည်။

### အတိတ်ဇာတ်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းစိုးစံစဉ်၊ ဘုရားအလောင်းသည် ဟိမဝန္တာ၌ ရသေ့ငါးရာတို့၏ ဆရာဖြစ်၏။ တစ်နေ့သော အခါ ဖျော့တော့သော ရောဂါစွဲသော ရသေ့ တစ်ဦးသည် ပုဆိန်ဖြင့်ထင်းကိုခွဲ၏။ အနီးမှ နှုတ်မစောင့်ရသေ့ကား ဤနေရာမှာ ပေါက်ပါ၊ ဟိုနေရာမှာပေါက်ပါ စသည်ဖြင့် တတွတ်တွတ်ပြောနေ၏။ ကြာသော် မောမောပန်းပန်းနှင့် ထင်းပေါက်နေသူက စိတ်တိုလာပြီး ထိုစကားများသော ရသေ့၏ ဦးခေါင်းကို ပုဆိန်နှင့် တစ်ချက်တည်း ပေါက်လိုက်ရာ ထိုနေရာတွင်ပင် သေဆုံးသွား၏။ ဘုရားလောင်းသည် ထိုရသေ့၏ အလောင်းကို သင်္ဂြိုဟ်စေ၏။

www.dhammadownload.com



မကြာမီပင် ကျောင်းအနီး တောင်ပို့ခြေရင်း၌ နေသော ခါတစ်ကောင်သည် နံနက်တိုင်း တောင်ပို့ထိပ်၌ရပ်၍ ကျယ်လောင်စွာ တွန်၏။ ထိုအသံကို ကြား၍ မုဆိုးတစ်ယောက်သည် အသံကြားရာသို့ လာ၍ ခါကိုသတ်၍ ယူဆောင်သွား၏။

ဘုရားလောင်းသည် ခါ၏ အသံကို မကြား၍ မေး၏။ ရသေ့တို့က ခါတွန်သံကြား၍ မုဆိုးလာ၍ သတ်ယူသွားကြောင်း ပြောပြ၏။

ဘုရားအလောင်းသည် ထိုအဖြစ်အပျက်နှစ်ခုကို ပေါင်းစပ်၍ "ရသေ့တို့ ခါသည် တွန်သင့်သည်ထက်ပို၍ တွန်ခြင်းကား သူ့ကိုယ်သူ သတ်သကဲ့သို့ပင်၊ ပညာမရှိသောသူသည် ပြောသင့်သည့်ထက် ပို၍ လွန်စွာ ပြောတတ်သော စကားသည် သူ့ကို သတ်၏"

ဘုရားလောင်းသည် ရသေ့အပေါင်းတို့ကို ဤသို့ အဆုံးအမပေး၍ စကားကို လိုသည်ထက်ပို၍ ထပ်တလဲလဲ ပြောနေခြင်းကြောင့် အန္တရာယ်တွေ့ရကြောင်း ဆုံးမ၏။

## ဇာတ်ပေါင်းသော်

စကားများသော ရသေ့သည်– ယခုကောကာလိကရဟန်း၊
ရသေ့အပေါင်း၏ဆရာသည် – ငါဘုရား

ဟု ဇာတ်တော်ကို ပေါင်း၏။

●

www.dhammadownload.com

# ၅။ နှုတ်ကြောင့်သေ

(၂၁၅၊ကစ္ဆပဇာတ်)

## ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ်- ကောကာလိကရဟန်းသည် မိမိစကားဖြင့်မိမိအသတ်ခံရသည်ကို အကြောင်းပြု၍ ဟောကြားတော်မူသည်။

## အတိတ်ဇာတ်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းစိုးစံစဉ် ဘုရားလောင်းသည် ဗာရာဏသီမင်း၏ ပညာရှိအမတ်ကြီးဖြစ်၏။

ဗြဟ္မဒတ်မင်းကြီးသည် အလွန်စကားများ၏။ စကားပြောမိလျှင် မရပ်မနားပြော၏။ အခြားသူပြောခွင့်မရှိ။ ထို့ကြောင့် လူအပေါင်းတို့က နားကြားပြင်း ကပ်သည်ဟု တီးတိုးပြောကြ၏။

ပညာရှိအမတ်သည် မင်းကြီးအား ဥပမာဖြင့်သင်ခန်းစာ ပေးနိုင်ရန် အကွက်ကောင်းကို ရှာနေ၏။

ထိုအခါ ဟိမဝန္တာဝယ် အိုင်တစ်အိုင်၌ လိပ်တစ်ကောင် သည် နေ၏။ ဟင်္သာငယ်နှစ်ကောင်သည် ထိုလိပ်နှင့် မကြာခဏ တွေ့ကြ၍ အလွန်ပင် အကျွမ်းတဝင်ဖြစ်ကြ၏။

တစ်နေ့တွင် ဟင်္သာငယ် နှစ်ကောင်က သူတို့၏ နေရာ စိတ္တကူဋ်တောင်ပေါ် ရွှေဂူမှာ အလွန်ပျော်စရာကောင်းသည် လိုက်ခဲ့ပါဟု ခေါ်၏။

ထိုအခါ လိပ်က "ငါဘယ်လိုသွားနိုင်မည်နည်း" ဟုဆို၏။

www.dhammadownload.com



ထိုအခါ ဟသ်ာနှစ်ကောင်က "သင်သည် နှုတ်ကိုစောင့် စည်းနိုင်လျှင် ဘယ်သူနဲ့မှ စကားမပြောဘဲ နေနိုင်လျှင် ငါတို့ ဆောင်ယူသွားပါမည်"ဟု ပြော၏။

ထိုအခါ လိပ်က နှုတ်စောင့်စည်းပါမည်ဟု ဝန်ခံ၍ ဟသ်ာ ငယ်တို့သည် တုတ်တံတစ်ချောင်း၏ အလယ်တွင် လိပ်အား ပါးစပ်ဖြင့် မြဲမြဲကိုက်စေပြီး ဟသ်ာနှစ်ကောင်က တုတ်အစွန်း နှစ်ဖက်တွင် တစ်ဖက်တစ်ကောင်စီ ချီ၍ ကောင်းကင်မှ ပျံကြ လေ၏။

ထိုအခါ ရွာသားသူငယ်တို့သည် ဟသ်ာ နှစ်ကောင်က လိပ်ကို တုတ်တံဖြင့် ကိုက်ချီသွားကြောင်း ဟစ်အော် ပြောဆို နေသံကို ကြား၏။ လိပ်သည် သူငယ်တို့ ပြောဆိုသံကိုကြားလျှင် နှုတ်ကို မစောင့်နိုင်တော့ဘဲ "ငါ့ဟာငါသွား ဘာဖြစ်လဲ" ဟု ပြန်ပြောလိုက်ရာ ကိုက်ထားသောတုတ် လွတ်၍ မင်းကြီး၏ နန်းတော်ထက် ကျပြီး ကိုယ်နှစ်ခြမ်းကွဲ၍ သေလေ၏။

ထိုအခါ အနီးရှိလူတို့သည် အုတ်အုတ်ကျက်ကျက် ဖြစ်ကြ ၏။ မင်းကြီးသည် ပညာရှိအမတ်နှင့်တကွ ထိုအရပ်ကို သွား ရောက် ကြည့်ရှုရာ လိပ်ကိုမြင်လျှင် ပညာရှိအမတ်အား 'ဘယ် လိုဖြစ်လို့ ကျလာသနည်း'ဟု မေးတော်မူ၏။

ပညာရှိအမတ်လည်း စကားများသည့်မင်းကို ဆုံးမရန် အကွက်ကောင်း ပေါ်ပြီဟု နှလုံးသွင်းကာ "ဤ လိပ်သည် အောက်မှ သူငယ်တို့ပြောသံကြား၍ နှုတ်မစောင့်ဘဲ သူငယ်တို့ အား ပြန်ပြောသဖြင့် တုတ်မှလွတ်သွားပြီး ကောင်းကင်မှ အောက်သို့ လွတ်ကျခြင်း ဖြစ်ပါလိမ့်မည်။ နှုတ်မစောင့်ဘဲ

www.dhammadownload.com



စကားပြောမိ၍ တုတ်တံမှလွတ်ခါ သေဆုံးရခြင်း ဖြစ်ပါလိမ့်မည်”ဟု လျှောက်ကြား၏။

ပညာရှိအမတ်သည် မင်းကြီးအား “ဤလိပ်သည် မိမိစကားဖြင့်ပင် မိမိကိုယ်ကို သတ်ပေ၏”ဟု ပြောဆိုကာ ဆက်လက်၍-

“မင်းကြီး၊ ပညာရှိတို့သည် ထိုအကြောင်းကိုမြင်၍ အပြစ်မရှိသော စကားကိုသာ ပြောဆိုကြ၏။

အပြစ်မရှိသော စကားပင် ဖြစ်သော်လည်း ကြာရှည်လေးမြင့် မပြောဆိုရာ၊ စကားများစွာ ပြောလွန်းခြင်းကြောင့် ပျက်စီးခြင်းသို့ ရောက်သောလိပ်ကို ရှုတော်မူပါ”ဟု လျှောက်၏။

## ဇာတ်ပေါင်းသော်

လိပ်သည် - ကောကာလိက

ဟသ်ာနှစ်ကောင်သည် - အဂ္ဂသာဝကနှစ်ပါး

မင်းသည် - အာနန္ဒာ

ပညာရှိအမတ်သည် - ငါဘုရား

ဟု ဇာတ်တော်ကိုပေါင်း၏။

www.dhammadownload.com

# အခန်း (၄)

# သူများထံက မတောင်းနှင့်ဝတ္ထုများ

## ၁။ တောင်းလျှင် မုန်တတ်သည်

(သတ္တကနိပါတ် ၄၀၃၊ အဋ္ဌိသေနဇာတ်)

### ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် အာဠဝီပြည်အနီး အဂ္ဂါဠဝ စေတီ၌ သီတင်းသုံးတော်မူစဉ်–

အာဠဝီပြည်မှ ရဟန်းတို့သည် ကိုယ်ပိုင် ကျောင်းများကို အပြိုင်အဆိုင် ဆောက်ကြရာ လူများထံမှ သစ်၊ ဝါးမှ အစ အလှူခံ၏။ လူတို့ကို သစ်၊ ဝါးခုတ်ရာ ကျောင်းဆောက်ရာတွင် ခေါ်၍ခိုင်း၏။ နောက်ထပ် လိုအပ်သမျှအရာကို ခဏခဏ လူတို့ထံမှ တောင်းကြ၏။ လူတို့သည် ရဟန်းတို့ကို မြင်လျှင် တောင်းမှာကြောက်၍၊ ခေါ်ခိုင်းမှာကြောက်၍ ဝေးဝေးကပင် ပုန်းရှောင် ပြေးကြ၏။ မြတ်စွာဘုရား ကြားသိတော်မူလျှင် ရဟန်းတို့ကို စည်းဝေးစေ၍ တရားဟောပြီး (ကုဋိကာရသိက္ခာပုဒ်)ကို အကြောင်းပြု၍ အတိတ်ဇာတ်ကို ဟောကြားတော်မူသည်ကား (မဏိကဏ္ဌဇာတ်နှင့် ပစ္စုပ္ပန်ဝတ္ထုမှာတူသည်။)

### အတိတ်ဇာတ်

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းစိုးစံစဉ်။

ဘုရားလောင်း အဋ္ဌိသေန ရသေ့သည် ဟိမဝန္တာမှ ဈာန်အဘိညာဉ်ဖြင့် ကြွလာ၍ မြို့တွင်းသို့ ဆွမ်းခံကြွ၏။ မင်းကြီးသည် နန်းရင်ပြင်မှ ရသေ့ကိုမြင်လျှင် များစွာ ကြည်ညိုလှသဖြင့်

www.dhammadownload.com



နန်းပြာသာဒ်ပေါ်သို့ ပင့်၍ ဆွမ်းကပ်လှူပြီး မိမိ၏ဥယျာဉ်တော်တွင် တစ်သက်လုံး သီတင်းသုံးပါရန် ပင့်၏။

မင်းသည် ရသေ့ကြီးထံ တစ်နေ့သုံးကြိမ် ဖူးမြော်၍ တရားစကား နာကြား၏။ မင်းကြီးသည် များစွာ ကြည်ညိုလှသဖြင့် "အရှင်ဘုရား၊ မင်းစည်းစိမ်မှအစ အလိုရှိရာကို တပည့်တော်ထံ တောင်းတော်မူပါ"ဟု လျှောက်ထား၏။

ရသေ့ကြီးသည် တစ်စုံတစ်ရာမျှ တောင်းခံခြင်းမပြု။

တောင်းခံခြင်းမပြု၍ မင်းကြီးက-

"အရှင်ရသေ့၊ တပည့်တော်နှင့် သိကျွမ်းခြင်း မရှိသောသူများပင် လာရောက်တောင်းခံကြပါလျက် အရှင်ဘုရားသည် အဘယ်ကြောင့် မတောင်းပါသနည်း"ဟု လျှောက်၏။

ထိုအခါ ရသေ့ကြီးက-

"မင်းကြီး၊ တောင်းသူကို ပေးသူကမချစ်တတ်၊ တောင်းမိပြီး မပေးလျှင် တောင်းသူက မနှစ်မြို့တတ်၊ နှစ်ဦးနှစ်ဖက် အမုန်းထွက်တတ်သောကြောင့် သင်မင်းကြီး မမုန်းစေလို၍ ငါမတောင်း"ဟု မိန့်ကြား၏။

"အရှင်ရသေ့၊ ရဟန်းပုဏ္ဏားတို့သည် တောင်းသင့်ချိန်၌ မတောင်းလျှင် တစ်ဖက်သားအား ကောင်းမှုမှ ယုတ်လျော့စေပါသည်။ မိမိတွင်လည်း လိုအပ်ချက် မပြည့်ဝပါ၊ အရှင်ဘုရားသာ တောင်းခံပါလျှင် တိုင်းပြည်အလုံးကို ပေးလှူရန် အသင့်ရှိပါသည်"ဟု လျှောက်ထား၏။

သို့တိုင်အောင် ရသေ့က မတောင်းချေ။ ●

www.dhammadownload.com



## ရဟန်းတို့အလိုကို သိကြရမည်

"မင်းကြီး၊ ပညာရှိကို့သည် မတောင်းကြပါ၊ ပညာရှိသော ဒါယကာတို့သည် အလိုအလျောက် သိတတ်ကြပါသည်။ အရိယာသူတော်ကောင်းတို့ကား ရည်ညွှန်း၍ရပ်လေ့ရှိကုန်၏။ ဤသို့ ရပ်ခြင်းမှာ အရိယာတို့၏တောင်းခြင်းဖြစ်၏"ဟု မိန့်တော်မူ၏။

မင်းကြီးသည် အဋ္ဌိသေနရသေ့အား ကြည်ညိုလှ၍–

"အရှင်ဘုရား၊ အရှင်ဘုရားအား နွားထီးများနှင့် **တကွ** နွားမတစ်ကောင်ကို လှူဒါန်းပါ၏။ လက်ခံတော်မူပါ"**ဟု** လျှောက်ထားပြန်၏။

မင်းကြီး၊ ငါကား ရဟန်းဖြစ်သည်၊ ပလိဗောကောင်း၏" ဟုဆိုကာ ပယ်၏။

မင်းသည် ရသေ့၏အဆုံးအမဖြင့်တည်ကာ ကုသိုလ်ကောင်းမှုတို့ကိုပြုလုပ်၍ သေသည်၌ နတ်ပြည်သို့လားရ၏။ ရသေ့ကြီးသည် ဈာန်၌ မယုတ်စေသဖြင့် သေလွန်လျှင် ဗြဟ္မာ့ပြည်သို့လား၏။

## ဇာတ်ပေါင်းသော်

မင်းကြီးသည် – အာနန္ဒာ၊

ရသေ့သည် – ငါဘုရားဖြစ်လာ၏။

www.dhammadownload.com



## ၂။ တောင်းခြင်းသည်ငို၍ပြခြင်းမည်၏။

(စတုကနိပါတ် - ၃၂၃၊ ဗြဟ္မဒတ္တဇာတ်)

### ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် အာဠဝီပြည်ကိုမှီ၍ အဂ္ဂါဠဝစေတီတော်၌ သီတင်းသုံးစဉ် ရဟန်းတို့သည် အတောင်းအရမ်းများသောကြောင့် လူတို့သည် ဝါဝါမြင်လျှင် ရှောင်ပုန်းနေကြ၍ ကုဋိကာရ သိက္ခာပုဒ် ပညတ်ခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

"ပညာရှိတို့သည် အစိုးရသောမင်းက အလိုရှိရာတောင်းခံပါရန် ပင့်ဖိတ်ထားပါလျက် သစ်ရွက်ထီးတစ်လက်နှင့် လွှာချင်းဖိနပ်တစ်ရံ တောင်းလိုက်လျှင် ဟိရီဩတ္တပ္ပ ပျက်စီးမည်ကိုကြောက်၍ လူအများအလယ်မှာ မပြောဘဲ ဆိတ်ကွယ်ရာအရပ်၌ ပြောခဲ့ဖူးလေပြီ"ဟု မိန့်တော်မူကာ အတိတ်ဇာတ်ကိုဟောကြားတော်မူသည်ကား-

### အတိတ်ဇာတ်

လွန်လေပြီးသောအခါ ကပိလတိုင်း ဥတ္တရပဉ္စာလမြို့တွင် ဥတ္တရာပဉ္စာလမင်း စိုးစံစဉ်-

ဘုရားအလောင်းသည် နိဂုံးရွာ ပုဏ္ဏားမျိုး၌ ဖြစ်လျက် တက္ကသိုလ်တွင် ပညာသင်ကြားပြီးနောက်တွင် ရသေ့၊ ရဟန်းပြုကာ ဟိမဝန္တာအရပ်၌နေ၏။

တစ်နေ့၌ ချဉ်၊ ဆား မှီဝဲရန် ဥတ္တရပဉ္စာလမြို့သို့ ရောက်၍ မင်းကြီးဥယျာဉ်၌ နေပြီးလျှင် နံနက်အခါ ဆွမ်းခံဝင်ရာမှ မင်းကြီးအိမ်ရှေ့သို့ ရောက်၏။

www.dhammadownload.com



* မင်းကြီးသည် ရသေ့၏ ငြိမ်သက်သော ဣန္ဒြေကို ကြည်ညို၍ ပြာသာဒ်အပြင်သို့ပင့်ပြီး ဆွမ်းများကပ်လှူလျက် ဥယျာဉ်တော်၌ နေပြီး နေ့တိုင်းဆွမ်းခံကြွပါရန် လျှောက်ထား၏။ ရသေ့လည်း ဝန်ခံတော်မူ၏။ နေ့တိုင်း မင်းကြီးအိမ်၌သာ ဆွမ်းဘုဉ်းပေးသည်။

## စိတ်ကကြံလျက် အတောင်းခက်

တစ်နေ့တွင် ဥယျာဉ်တော်သို့ မင်းကြီးရောက်လာ၏။ ရသေ့သည် မိုးကုန်လျှင် ဟိမဝန္တာသို့ ပြန်တော့မည်။ ပြန်လျှင် သစ်ရွက်ထီးတစ်ချောင်း၊ လျှာချင်းဖိနပ်တစ်ရံကို တောင်းမည်ဟု ကြံစည်၏။

တစ်ဖန် သူတစ်ပါးထံ 'ပေးပါဟု တောင်းသောသူသည် ငိုပြသည်နှင့် တူ၏။

"မရှိပါ"ဟု ပြောရသူမှာလည်း ပြန်၍ငိုပြသည်နှင့် တူ၏။

"ငိုသောငါနှင့် ငိုသောမင်းကြီးကို လူအများ မမြင်စေချင်၊ လူမမြင်ရာမှာ ငါတို့နှစ်ဦး ငိုကြမည်"

ဟုစဉ်းစားကာ–

"မင်းကြီး လွတ်လွတ်လပ်လပ်ရှိချင်သည်" ဟုပြော၏။

မင်းကြီးသည် မင်းချင်းတို့ကို ရှောင်စေ၏။

မင်းချင်းတို့ ရှောင်သွားကြသော်–

"ငါတောင်း၍ မင်းကြီးမပေးချင်လျှင် ငါ့ကို အချစ်ပျက်လိမ့်မည်" စဉ်းစားပြန်ကာ "မင်းကြီးပြန်ပေတော့၊ နောက်နေ့မှ ပြောမည်" ဟု ပြောလေ၏။

www.dhammadownload.com



နောက်နေ့တွင်လည်း နှစ်ဦးတည်းတွေ့ရန် တောင်း၏။ နှစ်ဦးတည်းရှိသောအခါ မတောင်းဖြစ်ပြန်၊ တစ်ဖန် နောက်တစ်နေ့တွင်လည်း ဤအတိုင်း၊ ဤသို့ဖြင့် တစ်ဆယ့်နှစ်နှစ်အထိ ကြာခဲ့၏။

မင်းကြီးက စဉ်းစား၏။ ငါ၏အရှင်ရသေ့သည် နှစ်ဦးချင်းပြောဆိုလို၏ ဆိုပြီး နှစ်ဦးချင်းတွေ့သောအခါ စကားမပြောဝံ့ဖြစ်နေ၏။ တစ်ဆယ့်နှစ်နှစ်ပင်ကြာခဲ့ပြီ၊ ရသေ့ဘ၀ ငြီးငွေ့၍ လူထွက်ပြီး စည်းစိမ်ခံစားလိုဟန်ရသည်၊ ရသေ့ထံ အလိုရှိရာ တောင်းရန် လျှောက်ထားမည်ဟု-

"အရှင်ဘုရား၊ တစ်ဆယ့်နှစ်နှစ်လုံးလုံး နှစ်ဦးတည်းတွေ့ရသော်လည်း စကားတစ်စုံတစ်ရာ မပြောဝံ့ဘဲ ရှိခဲ့သည်။ မင်းအဖြစ်မှအစ အလုံးစုံကိုဖိတ်ကြားပါသည်။ လိုရာဝတ္ထုကို ကြောက်ရွံ့ခြင်း မရှိဘဲ တောင်းတော်မူပါ"ဟု လျှောက်၏။

ရသေ့က-

"မင်းကြီး- ငါတောင်းသောအရာကို ပေးမည်လော"ဟု မေး၏။

"အရှင်ဘုရား၊ ပေးပါမည်"ဟုလျှောက်၏။

"ငါခရီးသွားလျှင် သစ်ရွက်ထီးနှင့် လွှာချင်းဖိနပ်တစ်ရံ အလိုရှိပါသည်။"

"အရှင်ဘုရား၊ ဤမျှလောက်သောအရာကို တစ်ဆယ့်နှစ်နှစ်ပတ်လုံး မတောင်းဆိုဝံ့ဘဲ ဖြစ်နေပါသလား"ဟု ပြောလျှင်-

"မင်းကြီး၊ မတောင်းဝံ့ပါ"

"ဘာကြောင့် မတောင်းဝံ့ပါသလဲဘုရား"

"မင်းကြီး၊ တောင်းသောသူသည် လိုရာကိုရခြင်း၊ မရခြင်း နှစ်မျိုးမှာ မုချရှိရမြဲ ဖြစ်သည်"

www.dhammadownload.com



"မင်းကြီး၊ ပညာရှိတို့က တောင်းခြင်းက (ငိုခြင်း) ဟုဆိုပါသည်။

တောင်းသည်ကို မပေးနိုင်ဟု ဆိုခြင်းကို (အတူငိုခြင်း) ဟုဆိုပါသည်။

ငါနှင့် မင်းကြီးတို့ ငိုခြင်းကို အခြားသူတို့ မမြင်စေလိုပါ။ သို့အတွက် ငါသည် လွတ်လွတ်လပ်လပ် တွေ့လိုခြင်းဖြစ်သည်" ဟု မိန့်တော်မူ၏။ မင်းကြီးသည် ရသေ့၏ စကားကိုကြားလျှင် အလွန်ကြည်ညိုလှ၍–

"အရှင်ရသေ့၊ အရှင်ရသေ့အား နွားလားဥသဘနှင့် နွားနီမတစ်ထောင်ကို လှူပါ၏" ဟု လျှောက်ထား၏။

ထိုအခါ ရသေ့က–

"မင်းကြီး၊ ငါသည် အားလုံးကို စွန့်ပယ်ခဲ့ပြီဖြစ်၍ လိုအပ်သော ထီးနှင့် လွှာဖိနပ်သာ ပေးလော့"ဟု အလှူခံတော်မူပြီး မင်းကြီးအား ဒါနပြုပါ၊ သီလကိုစောင့်ရှောက်ပါဟု အဆုံးအမပေးပြီး၊ မင်းကြီး တောင်းပန်စဉ်ပင် ဟိမဝန္တာသို့ ကြွကာ ရျာန်သမာပတ်ရပြီး သေလွန်သောအခါ ဗြဟ္မာ့ပြည်သို့ လားလေ၏။

## ဇာတ်ပေါင်းသော်

ပဉ္စာလမင်းသည် – အာနန္ဒာ၊
ရသေ့သည် – ငါဘုရား၊
ဟု ဇာတ်တော်ကိုပေါင်း၏။

www.dhammadownload.com

# ၃။ တောင်းပါများ၍ နဂါးပြေးသောဝတ္ထု

(တိကနိပါတ် - ၂၅၃။ မဏိကဏ္ဍဇာတ်)



### ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် အာဠဝီပြည်အနီး အဂ္ဂါဠဝစေတီ၌ သီတင်းသုံးတော်မူစဉ်-

အာဠဝီတိုင်းသား ရဟန်းတို့သည် နေထိုင်ရန် အဆောက်အဦ ကုဋီတို့ကို လှူဒါန်းသူ ဒါယကာမရှိဘဲ ကိုယ်တိုင်ဆောက်လုပ်ကြ၏။ လူတို့ကို အကူအညီခေါ်နိုင်း၏။ လုပ်မည့်သူများ တောင်း၏။ အလွန်အတောင်းအရမ်းများသဖြင့် ရဟန်းမြင်လျှင် ဝေးဝေးက ပြေးကြ၏။

www.dhammadownload.com



အရှင်မဟာကဿပသည် အာဠဝီပြည်တွင် ဆွမ်းခံရာ လူတို့သည် ဝါဝါမြင်လျှင် အဝေးက ရှောင်ပြေးကြသည်ကို သတိပြု၏။ ဆွမ်းဘုဉ်းပေးပြီးလျှင် ရဟန်းတို့အား မေး၏။ ရဟန်းတို့က ပြောပြကြ၍ မြတ်စွာဘုရားထံ လျှောက်ထား၏။

## ခဲခဲယဉ်းယဉ်း

မြတ်စွာဘုရားသည် ရဟန်းတို့ကို စည်းဝေးစေပြီး မေးတော်မူလျှင် ဟုတ်မှန်ကြောင်း လျှောက်ကြားသဖြင့် ကဲ့ရဲ့တော်မူပြီးလျှင်–

"ရဟန်းတို့၊ တောင်းရမ်းခြင်းဟူသည်မှာ ရတနာ ခုနစ်ပါးနှင့်ပြည့်စုံသော နဂါးမင်းဖြစ်လျက်လည်း မနှစ်သက်ကြကုန်၊ လူဆိုလျှင် အဘယ်ပြောဖွယ်ရာ ရှိမည်နည်း၊ ကျောက်ဖျာမှ ကျောက်ချပ်ကို ရအောင်ဆစ်၍ ယူရသကဲ့သို့ တစ်ကျပ်၊ တစ်သပြာမျှကိုပင် ခဲခဲယဉ်းယဉ်း ရှာကြရသည်"

ဟု မိန့်တော်မူကာ အတိတ်ဇာတ်ကို ဟောကြားတော်မူသည်။

## အတိတ်ဇာတ် ၂

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံစဉ်–

ဘုရားအလောင်းသည် ချမ်းသာသော ပုဏ္ဏားမျိုး၌ ဖြစ်၍ ညီငယ်တစ်ယောက်ရှိ၏။ မိဘများ ကွယ်လွန် သွားကြသော် သံဝေဂရ၍ ညီနောင် နှစ်ယောက်တို့သည် ဂင်္ဂါမြစ်နားတွင် သစ်ရွက်မိုး တဲဆောက်ကာ တစ်ပါးစီ ခပ်လှမ်းလှမ်းတွင် နေကြ၏။

www.dhammadownload.com



## ညီငယ်ရသေ့ နှင့်နဂါးမင်း

တစ်နေ့တွင် မဏိကဏ္ဌ နဂါးမင်းသည် လုလင် အသွင်ဖန်ဆင်းပြီး ဂင်္ဂါမြစ်ကမ်းမှာလှည့်လည်သွားစဉ် ညီငယ်ရသေ့နှင့်တွေ့၏။ စကားပြောကြ၏။ နဂါးမင်းသည် စကားပြောရသည်ကို ပျော်မွေ့၍ မကြာခဏ လာ၏။ လာပါများသော် နှစ်ဦးသား တရင်းတနှီးဖြစ်သွားကြ၏။ နဂါးလည်း မလာရမနေနိုင် နေ့စဉ်လာ၏။

နဂါးမင်းသည် ညီရသေ့ကို အလွန်ချစ်၍ ပြန်ကာနီးတိုင်း နဂါးအသွင်ပြောင်းကာ ရသေ့ကို ရစ်ပတ်ပြီး ပါးပျဉ်းဖြင့် မိုးကာခဏကြာကြည့်ပြီးမှ အခွေကိုဖြေပြီး ပြန်သွားလေ့ရှိ၏။

နဂါးက ချစ်၍ ကျီစယ်သော်လည်း ရသေ့မှာ အလွန်ကြောက်၏။ ပြော၍မရပေ၊ နေ့တိုင်းဖြစ်၍ ရသေ့မှာကြောက်စိတ်ဖြင့် တဖြည်းဖြည်း ပိန်၍ ဖြူဖပ်ဖြူရော် ဖြစ်လာ၏။

## အချစ်ပျက်အောင်လုပ်နည်း

တစ်နေ့တွင် နောင်တော်ရသေ့ထံ သွား၏။ ပိန်ချုံးနေသော ညီကိုမြင်လျှင် နောင်တော်ရသေ့ မေး၍ မိမိမှာ နဂါးမင်း ချစ်လွန်း၍ ကြောက်ပြီး ဒုက္ခရောက်ရသည့် အကြောင်းကို ပြောပြ၏။

နောင်တော်ရသေ့က "နဂါးမင်းမလာစေရန် နည်းလမ်းရှိပါသည်။ ညီတော်ထံ လာသည့်အခါ ဘယ်လို ရတနာများဝတ်စားလာသလဲ"ဟု မေး၏။

"လည်ပင်းမှာ ပတ္တမြားရတနာဆင်၍ လာတတ်ပါသည်" ဟု လျှောက်၏။

www.dhammadownload.com



"ကောင်းပြီ၊ သင့်ထံ နဂါးလာလျှင် မထိုင်မီက ပတ္တမြား ရတနာကိုတောင်းလော့၊ နဂါးမင်းချက်ချင်းပြန်သွားလိမ့်မည်၊ နောက်တစ်နေ့ ကျောင်းတံခါးဝတွင် ဝင်ရုံနှင့် ပတ္တမြားကို တောင်း၊ နောက်ထပ်နဂါးမင်း လာတော့မည်မဟုတ်"ဟု နဂါးမင်း အချစ်ပျက်ရန် နည်းလမ်းကို ပေးလိုက်၏။

## အတောင်းအရမ်းထူသူမို့

ညီတော်ရသေ့သည် နောင်တော် နည်းလမ်း ပေးသည့် အတိုင်း ပထမနေ့တွင် မထိုင်မီ တောင်း၏။ မထိုင်ဘဲ ပြေး လေ၏။ ဒုတိယနေ့တွင် တံခါးဝအရောက်၌ တောင်း၏။ မဝင်ဘဲ ပြေးလေ၏။ တတိယနေ့တွင် မြစ်ကမ်းမှစောင့်၍ နဂါး ရေပေါ်သို့ပေါ်လာချင်း တောင်း၏။ နဂါးမင်းက ရေပေါ်မှ နေ၍–

"ရသေ့၊ ပတ္တမြားကြောင့် နတ်သုဒ္ဓါတို့ကို စားနေရ၏။ လိုတိုင်းရသော ပတ္တမြားကိုပင် သင်တောင်း၏။ သင်ကား အတောင်းအရမ်းထူ၏။ သင့်ကျောင်းသို့ လာတော့မည်မဟုတ်" ဟု ရေတွင်ငုပ်၍ ပြန်သွားလေ၏။

## မလာတော့လည်း မျှော်ရပြန်

နောင်တော် ရသေ့သည် ညီတော်အကြောင်း သိလို၍ ညီတော်၏ကျောင်းသို့ သွား၏။ ပိန်ချုံးနေသဖြင့် မေးရာ၊ နဂါးမင်းမလာ၍ စိတ်မကောင်းဖြစ်ရပြီး မစားနိုင်၊ မသောက် နိုင် ဖြစ်ရကြောင်း လျှောက်ထား၏။ ထိုအခါ နောင်တော် ရသေ့က–

www.dhammadownload.com



"ညီတော်- ပုဂ္ဂိုလ် တစ်ဦး၏ အလွန်မြတ်နိုးလှသော ပစ္စည်းကို မတောင်းသင့်၊ အလွန်တောင်းလျှင် မုန်းတတ်သည်၊ ပတ္တမြားကို အတောင်းခံရသဖြင့် နဂါးမင်းသည် ညီတော် မမြင်ရာ အရပ်သို့ သွားလေပြီ"ဟု အဆုံးအမ ပေးပြီးလျှင် ယနေ့မှစ၍ စိုးရိမ်ပူဆွေး မနေပါနှင့်တော့ဟု အဆုံးအမပေး၍ ပြန်သွားလေ၏။

## ဇာတ်ပေါင်းသော်

ညီတော်ရသေ့သည် - အာနန္ဒာ
နောင်တော်ရသေ့သည် - ငါဘုရားဖြစ်လာ၏။
ဟုဇာတ်တော်ကို ပေါင်း၏။

www.dhammadownload.com

# အခန်း (၅)

# ကျင့်ဆောင်ဖွယ်ရာ လောကမှာ ရသာခိုက် ယူလိုက်ကြ

(ဓကနိပါတ် ၃၊ သေရိဝဝါဏိဇ္ဇဇာတ်)

## ပစ္စုပ္ပန် ဝတ္ထု

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ် ရဟန်းတစ်ပါးသည် တရားကို ကြိုးစား အားထုတ်ပါလျက် မရနိုင်၍ စိတ်ပျက် အားလျော့နေစဉ် အခြား ရဟန်းများက မြတ်စွာဘုရား ထံမှောက် ခေါ်ဆောင် လျှောက်ထားလေသဖြင့် မြတ်စွာဘုရားသခင်က "ချစ်သား၊ မဂ်ဖိုလ်ကို ရနိုင်သော သာသနာနှင့် ကြုံကြိုက်ပါလျက် ဝီရိယကို လျှော့လိုက်လျှင် အဖိုးတစ်သိန်းတန် ရွှေခွက်ကို လက်နှင့်ကိုင်မိပါလျက် ဆုံးရှုံးရသော ရွှဲကုန်သည်မိုက်ကဲ့သို့ စိုးရိမ်ပူပန်ရလိမ့်မည်"ဟု မိန့်တော်မူရာ ရဟန်းတို့ လျှောက်ထား၍ အတိတ်ဇာတ်ကို ဟောကြားတော်မူသည်။

## အတိတ်ဇာတ်

ဤကမ္ဘာမှ ငါးကမ္ဘာထက်၌ သေရိဝတိုင်းမှာ ဘုရားလောင်း ရွှဲကုန်သည်နှင့် ဒေဝဒတ်လောင်းရွှဲကုန်သည်တို့သည် နီလဝါဟ မြစ်ကို ကူးပြီး အန္ဓပုရမြို့သို့ သွားကြ၏။ ရပ်ကွက် ခွဲပြီး ကိုယ့်လမ်းနှင့်ကိုယ် ရောင်းကြ၏။ တစ်ဦးရောင်းပြီးသောလမ်းကို နောက်တစ်ဦးက ရောင်းနိုင်သည်ဟု သဘောတူထား၏။

www.dhammadownload.com



## လောဘဇော

အရောင်စုံ၍ တောက်ပသောရွှံလုံးကလေးများကိုမြင်သဖြင့် အပျိုမကလေးသည် အဘွားအိုကိုပူဆာ၏။ အဘွားကငွေမရှိ၍ ဝယ်မပေးနိုင်ဟုဆို၏။ မြေးကလေးသည် ခွက်ဟောင်းတစ်ခုကို ယူလာ၍ ဤခွက်နှင့်လဲပေးပါဟုဆို၏။ အဘွားသည် ရှေးက ချမ်းသာခဲ့သူဖြစ်၏။ ရွှံကုန်သည်ကို ခေါ်၍ ဤခွက်ကိုယူ၍ ရွှံကလေး အနည်းငယ် ပေးခဲ့ပါဟုပြော၏။ ရွှံကုန်သည်သည် ခွက်ကိုကိုင်ကြည့်၏။ လေးလေးနှစ်နှစ် ရှိ၏။ သံချွန်နှင့် ခြစ်ကြည့်ရာ ရွှေခွက်မှန်းသိ၏။ သို့သော် လောဘကြီးသူ ဖြစ်၍ ထိုရွှေခွက်ကို အလကားယူချင်၏။ မြေပေါ်မှာ ပစ်ချပြီး ပဲဝက်မှမတန်တဲ့ခွက်စုတ်ဟု ရေရွတ်ခါ ထွက်သွား၏။ မြေးပျိုမကလေးက စိတ်မကောင်းစွာဖြင့် ခွက်ကိုပြန်ကောက်ထား၏။

## တန်ရာတန်ကြေး

မကြာမီ ဘုရားလောင်းရွှံကုန်သည်သည် ထိုလမ်းသို့ရောက်လာ၏။ "ရွှံလုံး လှလှကလေးတွေ"ဟု အော်၍ လာ၏။ ထိုအခါ မြေးမကလေးသည် ကိုယ်တိုင် လှမ်းခေါ်ပြီး ဤခွက်ကလေးနှင့်လဲပါဟု ပြော၏။ အဘွားကလည်း မြေးမကလေးက ရွှံလုံး သိပ်လိုချင်နေတာ ပေးချင်သလောက်သာ ပေးခဲ့ပါဟု တောင်းပန်ရှာ၏။

ဘုရားလောင်း ရွှံကုန်သည်သည် ခွက်ကိုကိုင်၍ ကြည့်၏။ ခြစ်၍ကြည့်၏။ ရွှေခွက်မှန်းသိ၏။

"အမေ၊ ဤခွက်သည် ရွှေခွက်ဖြစ်ပါသည်။ ဤခွက်၏ တန်ဖိုးကို ကျွန်တော်မတတ်နိုင်ပါ။ ဤခွက်ဖိုးငွေ ကျွန်တော်မှာ မပါပါ"ဟု ပြော၏။

www.dhammadownload.com



အမေအိုက–

"အမောင်၊ ယခင်ရွဲကုန်သည်က ပဲ၀က်မျှမတန်ဟုဆိုကာ လွှင့်ပစ်ခဲ့သည်၊ အမောင်လက်ထဲရောက်မှ ရွှေခွက်ဟု အမောင်က ပြောသည်။ အမောင်နှင့်ထိုက်၍သာ ဖြစ်လိမ့်မည်၊ ယူသွားပါ၊ မြေးကလေး အတွက် ရွဲလုံး အနည်းငယ်သာ ပေးခဲ့ပါ"ဟု ပြော၏။

"အမေ၊ ရွှေခွက်သည် အဖိုးတစ်သိန်းတန်ပါသည်" ဟု ပြောပြန်၏။

အဘွားအိုက–

"အမောင်နှင့် ထိုက်၍ အမောင်ရသည်၊ ပေးလိုသမျှသာ ပေးခဲ့ပါဟု ရွှေခွက်ကို အတင်း ထိုးပေးလေ၏" မြေးမကလေး ကလည်း ရွဲလုံးကလေးတစ်လုံးကို ပေးခဲ့ပါ တော်ပါပြီဟု ဆိုပြန် သည်။

ဘုရားလောင်း ရွဲကုန်သည်သည် ရောင်းပြီး ရထားသော အသပြာငါးရာနှင့် မိမိလက်ဝယ်ရှိ ငါးရာတန် ရွဲလုံးတို့ကို ရှိသမျှ အကုန်ပေးခဲ့ပြီး ဤချိန်ခွင်နှင့်အိတ်ကို ပြန်ယူပါရစေ၊ လှေကူးခအတွက် ရှစ်သပြာကိုသာ ပေးပါဟု ပြန်တောင်းပြီး ရွှေခွက်ကိုယူကာ မြစ်ဆိပ်သို့လျင်မြန်စွာ ထွက်ခွာသွားလေ၏။

## ကြုံကြိုက်ခိုက်မှာ မယူလိုက်မိ၍

ဒေဝဒတ်အလောင်း ရွဲကုန်သည်သည် မကြာမီ ရောက်လာ ပြန်ပြီး–

www.dhammadownload.com



"ဟဲ့ ကောင်မလေး၊ အခုနခွက်စုတ်ကိုယူခဲ့၊ နင့်ကိုသနားလို့ ရွှဲလုံးနည်းနည်း ပေးခဲ့မယ်"ဟု အိမ်ရှေ့မှအော်ပြော၏။

မိန်းမပျိုကလေးသည် အိမ်ရှေ့သို့ထွက်၍ ခါးထောက်ပြီးရပ်ကာ-

"ရှင်က ပဲ၀က်မှမတန်တဲ့ခွက်စုတ်ဆိုတာကို နောက်လာတဲ့ ရွှဲကုန်သည်က တစ်သိန်းတန်တဲ့ရွှေခွက်ဆိုပြီး ရှိသမျှအကုန်ပုံပေးပြီး သွားလေရဲ့၊ ရှင်နဲ့မထိုက်လို့ မရတာပေါ့"ဟု ငေါ့တော့တော့ ပြောလေ၏။

ဒေဝဒတ်အလောင်း လောဘကြီးသော ရွှဲကုန်သည်သည် ထိုအခါမှ မျက်လုံးပြူး၍ ငါ့လက်ထဲကရွှေခွက်ကို လုယူသွားပြီဟု အထုပ်ကိုထမ်းကာ မြစ်ဆိပ်သို့ အပြေးလိုက်လေ၏။

မြစ်ဆိပ်သို့ ရောက်လျှင် တစ်စီးတည်းသောလှေသည် မြစ်လယ်သို့ရောက်နေပေပြီ။ ဒေဝဒတ်အလောင်း ရွှဲကုန်သည်က လှေကို ပြန်လှည့်ရန် ဟစ်၍ခေါ်သည်။ လှေဆရာက ပြန်လှည့်မည်ပြုသည်။ ဘုရားလောင်းရွှဲကုန်သည်က-

"သင့်ကို ခရီးအလျင်လို၍ ရှစ်အသပြာပေးပြီး ငှားခဲ့သည်။ စင်းလုံးငှားခြင်းဖြစ်၍ ငါ့ကိုသာ အမြန်ပို့"ဟု ပြော၏။ လှေသမားသည် အမှန်စကားကိုကြားရ၍ လှေကိုဟိုမှာဘက်ကမ်းသို့ ဦးတည်၍ လှော်ခတ်သွားလေတော့သည်။

ဒေဝဒတ်ရွှဲကုန်သည်-

သံကုန်အော်၍ ခေါ်ပြန်၏။

သံကုန်အော်၍ ခေါ်ပြန်၏။

သံကုန်အော်၍ ခေါ်ပြန်၏။

www.dhammadownload.com



လှေသည် ပြန်လှည့်မလာ။ ဟိုမှာဘက်ကမ်းသို့ ရောက်၍ ဘုရားလောင်းရွှဲကုန်သည် ကုန်းပေါ်သို့ တက်သွားသည်ကိုမြင်ရသောအခါ ဒေဝဒတ် ရွှဲကုန်သည်က "ဒီတစ်ခါ ငါတော့ ရှုံးပါပြီ"ဟု ဝမ်းနည်းကြေကွဲကာ ထိုင်နေစဉ်ပင် လဲခွေကျပြီး သေဆုံးရှာလေသည်။

ဒေဝဒတ်သည် ဤဇာတ်မှစ၍ ဘုရားလောင်းကိုရန်ငြိုးဖွဲ့ခဲ့လေသည်။

မြတ်စွာဘုရားသည် အတိတ်ဇာတ်ကို ဟောကြားတော်မူပြီးနောက်–

"ဤသာသနာတော်၌ သူတော်ကောင်းတရားကို ကျင့်ကြံအားထုတ်နိုင်ရန် ပေးအပ်ပါလျက် ရတုန်းရခိုက် မယူလိုက်လျှင် ချစ်သားရဟန်းသည် သေရိဝရွှဲကုန်သည်မိုက်ကဲ့သို့ အချိန်ကြာမြင့်စွာ ပူပန်ရလိမ့်မည်သာတည်း"ဟု ဟောတော်မူသည်။

## ဇာတ်ပေါင်းသော်

လောဘသား ရွှဲကုန်သည် – ဒေဝဒတ်
ပညာရှိ ရွှဲကုန်သည်သည် – ငါဘုရားဖြစ်လာ၏။
ဟုဇာတ်တော်ကို ပေါင်း၏။

❁

www.dhammadownload.com

# ရှက်ကြပါ၊ ကြောက်ကြပါ
(ကေနိပါတ် ၆။ ဒေဝဓမ္မဇာတ်)

**ပစ္စုပ္ပန်ဝတ္ထု**

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် မထင်ရှားသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူသည်။

သာဝတ္ထိပြည်မှ သူကြွယ်တစ်ယောက်သည် မယားသေ၍ ရဟန်းပြုသည်။ ဇေတဝန်ကျောင်းတော်၏ ကျောင်းဆောင်တစ်ခုတွင် အခြွေအရံများနှင့် တခမ်းတနားနေ၏။ အစားကောင်းစား၏။ ကျောင်းခန်းကိုလည်း လှပခန့်ငြားအောင် ပြင်ဆင်ထား၏။ သင်္ကန်းများစွာထား၍ အလဲအလှယ်ဝတ်၏။

ဘုရားရှင်က သိတော်မူလျှင် ခေါ်ယူဆုံးမ၏။ ရဟန်းသည် မြတ်စွာဘုရားကို စိတ်ဆိုးမာန်ဆိုးဖြင့် ပရိသတ် အလယ်၌ ရပ်ပြီး ကေသိကိုချွတ်၍ချကာ သင်းပိုင် တစ်ထည်တည်းဖြင့် ရပ်ပြီး "ဒါဖြင့် ဒီလိုပဲနေတော့မယ်"ဟု ပြန်ပြော၏။ မြတ်စွာဘုရားသည် ထိုရဟန်းအား သနားတော်မူသောကြောင့်–

"ရဟန်း၊ သင်သည် ရေစောင့် ဘီလူးဘဝက တစ်ဆယ့်နှစ်နှစ်ပတ်လုံး ဟိရိသြတ္တပ္ပတည်းဟူသော အရှက်အကြောက် တရားနှစ်ပါးကို ရှာဖွေကြိုးစည်၍ ယခု ရဟန်းဘဝ ရနေပါလျက် အဘယ်ကြောင့် ဟိရိသြတ္တပ္ပ ကင်းမဲ့ရသနည်း" ဟု မိန့်တော်မူ၍ အတိတ်ဇာတ်ကို ဟောကြားတော်မူ၏။

**အတိတ်ဇာတ်**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဗာရာဏသီမင်း၏ မိဖုရားကြီးတွင် မဟိံသမင်းသားနှင့်စန္ဒကုမာရမင်းသား

www.dhammadownload.com



တို့ကိုဖွားမြင်ပြီး နတ်ရွာစံ၏။ မိဖုရားသစ် တစ်ပါးတင်မြှောက်၏။ သားတော်တစ်ပါး ဖွားမြင်ပြန်သည်။ သူရိယကုမာရဟုအမည်မှည့်သည်။ များစွာမြတ်နိုး၍ မိဖုရားကြီးအား လိုရာဆုကို တောင်းဟုပေး၏။ မိဖုရားက ယခုမလိုပါ၊ လိုသော အချိန် တွင်မှ တောင်းပါမည်ဟု ကတိပြုထားသည်။

သူရိယကုမာရ အရွယ်ရောက်လျှင် မိဖုရားက အိမ်ရှေ့မင်းအရာကို တောင်းတော့၏။ မင်းကြီးက သားတော်ရှိသေးသည် အခြားဆုကို တောင်းပါဟုဆို၏။ မိဖုရားက သူ့သားတော်ကိုသာ အိမ်ရှေ့မင်းအဖြစ် ပေးပါဟု ထပ်တလဲလဲ လျှောက်ထား၏။ မင်းကြီးသည် မိန်းမတို့၏ စိတ်အကြံကား ကောက်ကျစ်၏။ သားတော်ကြီး အသက်အန္တရာယ်ကို စိုးရိမ်နေရပေပြီဟု သားတော်နှစ်ပါးအား အကျိုးအကြောင်း ပြောပြပြီး တောတွင်း၌ သွားနေကြ၊ ငါသေလွန်သောအခါ ပြန်လာ၍ မင်းပြုကြဟု မှာကြား၍ လွှတ်လိုက်၏။

သားတော်ကြီးနှစ်ပါး တောထဲသွားကြ၏။ သူရိယကုမာရ မြင်၍ သူပါလိုက်မည်ဟု အတင်းလိုက်၏။ တားမြစ်သော်လည်း မရ၊ ဟိမဝန္တာသို့ ရောက်ကြ၏။

ဘုရားလောင်း မဟိံသ မင်းသားသည် သစ်ပင်ရိပ်တွင်နားရင်း ရေဆာကြောင်း ပြော၏။ ညီအငယ်ဆုံး သူရိယမင်းသား ကို ရေရှာလွှတ်၏။ ချိုးခဲ့၊ သုံးခဲ့၊ ယူဆောင်ခဲ့ရန် မှာလိုက်၏။

ထိုအနီးရှိ ရေအိုင်သည် ဒကရက္ခိုက် ဘီလူးသည် ဝေဿဝဏ်နတ်မင်းထံမှ အပိုင်ရထား၏။ သို့သော် ကန်တွင်း ဆင်းလာမိသူသည် "ဒေဝဓမ္မတရားကို မသိသူကိုသာ စားရမည်ဖြစ်၏။

www.dhammadownload.com



သူရိယကုမာရမင်းသားသည် ရေကန်ထဲဆင်း၏။ ဘီလူးက ဖမ်း၍ ဒေဝဓမ္မတရားမေး၏။ သူရိယကုမာရသည် မသိ၍ "ဒေဝဓမ္မ, နေနှင့်လ"ဟု ဖြေ၏။ မမှန်၍ ဖမ်းဆီးထား၏။

သူရိယမင်းသား အချိန်ကြာ၍ စန္ဒကုမာရကို လွှတ်လိုက်၏။ ရေအိုင်အဆင်းတွင် ရေအိုင်စောင့် ဘီလူးကဖမ်းဆီး၍ ဒေဝဓမ္မတရားကိုမေး၏။ စန္ဒကုမာရက (ဒေဝဓမ္မသည် အရပ် လေးမျက်နှာ)ဟု ဖြေ၏။ မမှန်၍ ဖမ်းဆီးထား၏။

စန္ဒကုမာရ ပြန်မလာ၍ ဘုရားလောင်း မဟိံသမင်းသားသည် ရေအိုင်သို့လိုက်၏။ အန္တရာယ်ရှိနေပြီဟု သိ၏။ ညီတော်နှစ်ယောက်၏ ဆင်းခြေရာကိုသာတွေ့၍ တက်ခြေရာကိုမူမတွေ့သဖြင့် ရေစောင့်ဘီလူးရှိသော ရေအိုင်ဟုသိ၏။

ဘီလူးသည် မင်းသား ရေအိုင်တွင်းမဆင်း၍ မုဆိုးယောင်ဆောင်ပြီး မဟိံသမင်းသားအား ရေချိုးရန်တိုက်တွန်း၏။ မဟိံသသည် ဤသူကား ရေစောင့်ဘီလူးပင် ဖြစ်မည်ထင်၍ မေး၏။ မုဆိုးက ရေစောင့်ဘီလူး ဖြစ်သည်။ ရေကန်တွင်းဆင်းသော မင်းသားနှစ်ပါးကို ဒေဝဓမ္မတရား မသိ၍ ငါ ဖမ်းထားသည်ဟု ပြော၏။

မဟိံသမင်းသားက "ဒေဝဓမ္မကို ငါသိသည်၊ သင်နာကြားမည်လား၊ နာကြားလိုက ငါဟောမည်"ဟု ဆို၏။ ဘီလူးက နာကြားလိုပါသည်ဆိုလျှင် ငါ့ကိုယ်သည် ညစ်နွမ်းနေသည်၊ ရေချိုးပြီးမှ ဟောမည်ဆို၍ ဒကရက္ခိုက်သည် ဘုရားလောင်းအား ရေချိုးစေပြီး ပလ္လင်ကို ခင်းပေး၏။ ဘုရားလောင်းသည် ရှိသေစွာ နာလော့ဟုဆို၍ (မကောင်းမှုကို ပြုရမှာ ရှက်သင့်ကြောက်သင့်ကြောင်း) ဟောကြားပြီး-

www.dhammadownload.com



လောကဩ ရှက်တတ်ခြင်း၊ ကြောက်တတ်ခြင်း တရားနှင့် ပြည့်စုံကြသော၊ စင်ကြယ်သော ကုသိုလ်တရားတို့နှင့် ပြည့်စုံကုန်သော၊ ငြိမ်သက်သော ကာယကံ အစရှိသည်တို့နှင့် ပြည့်စုံကုန်သော သူတော်ကောင်းတို့ကို ဒေဝဓမ္မဟူ၍ ဆိုအပ်ကုန်၏။

ထိုနောက် ကျယ်ဝန်းစွာ ဆက်လက်ဟောကြားသည်။

ဘီလူးသည် ဘုရားလောင်း မဟိံသမင်းသားအား ကြည်ညို လှ၍ ညီတော်နှစ်ယောက်အနက် တစ်ယောက်ကို ပေးမည်၊ ကြိုက်ရာညီကို ယူလော့ဟုဆို၏။ မဟိံသမင်းသားသည် ညီထွေး သူရိယကုမာရကို ရယူခဲ့ဟုဆို၏။ ဘီလူးက "သင်သည် ဒေဝဓမ္မ တရားကိုကားသိ၏။ မလိုက်နာ၊ ညီအကြီးကိုထား၍ ညီထွေးကို တောင်းသော သင်သည် ကြီးသူတို့အား ပူဇော်သမှုမပြု"ဟု ဆို၏။

"ဘီလူး၊ ငါသည် ဒေဝဓမ္မ တရားကို သိလည်းသိ၏။ ကျင့်လည်းကျင့်၏။ ငါတို့ တောထဲလာရသည်မှာ ညီထွေး ကြောင့် ဖြစ်သည်။ ညီထွေးက အတင်းလိုက်၍ ပါလာရသည်ကို မည်သူမျှမသိ၊ ညီထွေးမပါဘဲ မြို့သို့ပြန်လျှင် ညီထွေးကို ဘီလူး စားသည်ဟုဆိုလျှင် ဘယ်သူကမှ ယုံကြည်မည်မဟုတ်၊ သို့ဖြစ်၍ သူတစ်ပါးတို့ ကဲ့ရဲ့ခြင်းဘေးမှ ကြောက်သဖြင့် ညီထွေး သူရိယ ကုမာရကိုသာ တောင်းခြင်းဖြစ်သည်ဟု ဘုရားလောင်းဆို၏။

ဘီလူးသည် ကြည်ညိုလွန်းလှ၍ ညီငယ်နှစ်ယောက်စလုံး လွှတ်ပေး၏။

မဟိံသမင်းသားသည် ဘီလူးအား သင်သည် ရှေးဘဝ မကောင်းမှုကံကြောင့် သားစားဘီလူးဖြစ်ရသည်။ ယခုလည်း မကောင်းမှုပြုပြန်၏။ ငရဲအစရှိသည်တို့မှ မလွတ်၊ မကောင်းမှုကို

www.dhammadownload.com



ပယ်လော့ဟု ဆုံးမရာ ဘီလူးအကျွတ်တရားရ၍ မင်းသားသုံးပါးကို ကောင်းစွာစောင့်ရှောက် လုပ်ကျွေး၍ ထား၏။ ကာလကြာ၍ ဗာရာဏသီမင်းကြီး သေလွန်လျှင် ဘီလူးကိုပါခေါ်၍ မင်းအဖြစ် ယူပြီးနောက် စန္ဒကုမာရကို အိမ်ရှေ့မင်း၊ သူရိယကုမာရကို စစ်သူကြီးအရာထား၍ ဘီလူးအတွက် နေရာပြုပြင်စီမံထားပြီး ထမင်းဦး ပန်းဦးပေးစေသည်။

ဤဓမ္မဒေသနာတွင် သစ္စာပြလျှင် ထိုရဟန်း သောတာပတ္တိဖိုလ်၌ တည်လေ၏။

**ဇာတ်ပေါင်းသော်**

ဒကရက္ခိုက်ဘီလူးသည် - ပစ္စည်းပေါများသောရဟန်း
သူရိယကုမာရသည် - အာနန္ဒာ
စန္ဒကုမာရသည် - သာရိပုတ္တရာ
မဟိံသမင်းသည် - ငါဘုရား ဖြစ်လာ၏။

# ရှေ့ဆောင်ကောင်း

(ကေနိပါတ် လက္ခဏာမိဂဇာတ်)

**ပစ္စုပ္ပန်ဝတ္ထု**

ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးစဉ်-

ဒေဝဒတ်၊ သံဃာသင်းခွဲမှုကို အကြောင်းပြု၍ ဟောတော်မူ၏။

ဒေဝဒတ်သည် သံဃာငါးရာကို သိမ်းသွင်းခေါ်ဆောင်ပြီး သင်းခွဲ၍ ဂယာသီသ၌ နေ၏။

www.dhammadownload.com



ဒေဝဒတ်နောက် ပါသွားသော ရဟန်းတော်များ လက်တွေ့သိ၍ ဉာဏ်ရင့်ချိန်သို့ရောက်လျှင် မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန် အဂ္ဂသာဝက နှစ်ပါးတို့အား "ထိုရဟန်း ငါးရာတို့အား တရားဟော၍ အရဟတ္တဖိုလ်သို့ ရောက်စေပြီး ပြန်လည်ခေါ်ယူတော့"ဟု မိန့်ကြားတော်မူ၏။

အဂ္ဂသာဝကနှစ်ပါးသည် ဂယာသီသသို့ ကြွသွား၍ ဒေဝဒတ်နောက်လိုက် ရဟန်းငါးရာတို့အား တရားဟော၍ အရဟတ္တဖိုလ်သို့တည်စေပြီး နောက်နေ့ အရုဏ်တက်ချိန် ရဟန်းငါးရာနှင့်အတူ ဝေဠုဝန်ကျောင်းတော်သို့ ပြန်ကြွလာခဲ့ကြ၏။

ဝေဠုဝန်ကျောင်းတော်မှ ရဟန်းများသည် ရဟန်းငါးရာခြံရံလာသော တရားစစ်သူကြီး ရှင်သာရိပုတ္တရာသည် လွန်စွာတင့်တယ်လှပေစွဟု ချီးမွမ်းကြ၏။ ဒေဝဒတ်သည်ကား တစ်ဦးတည်း အထီးကျန်ဖြစ်ချေသည်ဟု လျှောက်ထားကြ၏။ မြတ်စွာဘုရားက ယင်းအကြောင်းနှင့် ပတ်သက်၍ အတိတ်ဇာတ်ကို ဟောကြားတော်မူသည်ကား–

## အတိတ်ဇာတ်

ရာဇဂြိုဟ်ပြည် မာဂဓမင်းစိုးစံစဉ်–

ဘုရားလောင်းသည် သမင်တစ်ထောင်ခြံရံသော သမင်မင်းဖြစ်၏။

သားနှစ်ယောက် လက္ခဏသမင်နှင့် ကာဠသမင်တို့ အရွယ်ရောက်လာကြလျှင် သမင်ငါးရာစီကို ခေါင်းဆောင် စောင့်ရှောက်ရန် ပေးအပ်၏။

www.dhammadownload.com



ကောက်မှည့်ချိန်တွင် တောသမင်တို့သည် လယ်ကွင်းထဲ၌ ကောက်များလာစားလေ့ရှိကြ၏။ လယ်သမားတို့သည် တွင်းတူး ထောင်ချောက်၊ ညှော့်တို့ ထောင်ထားကြရ၏။ ဉာဏ်မရှိသော တောသမင်တို့ အများအပြားသေကြရ၏။

ဘုရားအလောင်း ဖခင် သမင်ကြီးသည် ကောက်မှည့်ချိန်၏ အန္တရာယ် ထူပြောမှုကိုသိ၍ သားနှစ်ယောက်ကို ခေါ်ပြီး-

"ငါတို့ အိုသူတွေ ဒီမှာပဲ လုံအောင်နေတတ်ပါတယ်၊ ကောက်မှည့်ချိန်မှာ ရွာမှခွာပြီး သမင်းအပေါင်းကို ခေါင်းဆောင်ပြီး တောင်ခြေကိုသာ ပြောင်းရွှေ့နေကြ၊ ကောက်သိမ်းပြီးချိန်မှ ပြန်လာခဲ့ကြ"ဟု ပြော၏။ သားနှစ်ယောက်လည်း ကောင်းပါပြီဟု ဖခင်စကား နားထောင်၍ တောင်ခြေစခန်းသို့ ထွက်ကြ၏။

လယ်သမားနှင့် သမင်များသည် အစဉ်အလာကို သိကြ၏။ ဤအချိန် လမ်းတွင် တောသမင်များ တောင်ခြေမှဆင်းတတ်သည်၊ ပြန်တတ်သည်ကို သိ၍ ချောင်းမြောင်းပစ်ခတ်၍ များစွာသော သမင်များကို သတ်၏။

ကာဠသမင်သည် ပညာမဲ့၏။ သွားသင့်၊ မသွားသင့် မချိန်ဆ၊ အချိန်နှင့် အခွင့်အခါကို မရွေးတတ်၊ သမင်ငါးရာနှင့် မြင်သာ ထင်သာ သွားတတ်၏။ ရွာအနီးမှ ကပ်၍လည်း သွားတတ်၏။ လူတို့သည် ရှေ့မှဆီး၍လည်းကောင်း၊ ပုန်းအောင်း၍ လည်းကောင်း သမင်များစွာကို သတ်လိုက်ကြ၏။ ကာဠတွင် နောက်လိုက်သမင် အနည်းငယ်သာ ကျန်တော့သည်။

လက္ခဏ သမင်သည် ဉာဏ်ပညာရှိ၏။ လမ်းခရီးကိုချိန်ဆ၊ အချိန်ကာလကိုလည်း ရွေး၍ သမင်ငါးရာနှင့် သွားကြသည်။

www.dhammadownload.com



လူနှင့်ဝေးသော လမ်းကိုရွေးသည်။ လူများ အိပ်မောကျချိန် သန်းခေါင်ယံတစ်ချိန်တည်းသာ သွားကြစေသည်။ ထို့ကြောင့် နောက်လိုက်သမင် တစ်ကောင်မှ မဆုံးရှုံးခဲ့ပေ။

သမင်များ ကောက်သိမ်းချိန်ပြီး၍ တောင်ခြေမှ ပြန်လာကြသည်။ အပြန်ခရီးတွင် မဆင်မခြင် သွားမိ၍ ကာဠသမင်မှ လက်ကျန် သမင်အားလုံး သေဆုံးပျက်စီးကြရပြန်သည်။

လက္ခဏသမင်ကား သမင်တစ်ကောင်မှ မလျော့ပါးစေဘဲ သမင်ငါးရာ ခြံရံလျက် ပြန်လာ၏။ ဖခင်ဘုရားလောင်း သမင်ကြီး မြင်လျှင်–

"ဆွေမျိုးအပေါင်းခြံရံလာသော လက္ခဏကို ကြည့်စမ်းပါ၊ သီလနှင့်ပဋိသန္ထာရပြည့်စုံသောသူတို့အား အကျိုးစီးပွား သည် ဖြစ်၏။ ထိုသို့ပင် ဆွေမျိုးတို့ကို မကျန်စေဘဲ လာသော ကာဠကိုလည်း ကြည့်ပါလော့"ဟု လက္ခဏသမင်ကို ချီးကျူးလေသတည်း။

**ဇာတ်ပေါင်းသော်**

ကာဠသမင်သည် – ဒေဝဒတ်
လက္ခဏသမင်သည် – အရှင်သာရိပုတ္တရာ။
လက္ခဏသမင်၏ပရိသတ်သည် – ယခုဘုရားရှင်၏ ပရိသတ်
ကာဠနှင့်လက္ခဏသမင်တို့၏မယ်တော်သည် – ယခု ရာဟုလာမယ်တော်၊
အဖသည် ငါဘုရားဖြစ်လ ။

ပြီးပြီ။

www.dhammadownload.com

ဦးလှခင် - ဆန်းညွန့်ဦး
(လက်ရွေးစဉ် ငါးရာ့ငါးဆယ် နိပါတ်တော်ကြီး)

အမှတ်(၁) တွင် သစ္စာအဓိဋ္ဌာန်နှင့်မေတ္တာခွန်အား ဇာတ်တော်များ ဇာတ်ဝတ္ထုပေါင်း ၁၄ ပုဒ်။
အမှတ်(၂) တွင် သိကြားမင်း၏ ခွေးနက်ကြီး ဝတ္ထုပါ ဇာတ်ဝတ္ထုပေါင်း ၂၀ ပုဒ်။
အမှတ်(၃) တွင် မိန်းမတို့အကြောင်း အဆိုးအကောင်း ဇာတ်ဝတ္ထုပေါင်း ၁၀ ပုဒ်။
အမှတ်(၄) တွင် ဩော်မိန်းမ-မိန်းမ ဇာတ်ဝတ္ထုပေါင်း ၂၀ ပုဒ်။
အမှတ်(၅) တွင် သူ့ကျေးရူး ကိုယ့်ကျေးရူး ဝတ္ထုများ ကျေးရူးဆပ်သူ ကျေးရူးကန်းသူတို့ ဇာတ်ဝတ္ထုပေါင်း ၁၈ ပုဒ်။
အမှတ်(၆) တွင် ဘုရားလောင်းတို့၏ (ပညာပါရမီ) ဇာတ်ဝတ္ထုပေါင်း ၉ ပုဒ်။
အမှတ်(၇) တွင်၁။ ပညာဉာဏ်ကြီးသူများဝတ္ထု (၁၄)ပုဒ်။
၂။ အစွဲအလန်းကြီးများဝတ္ထု (၄)ပုဒ်။
အမှတ်(၈) တွင် ဘုရားလောင်းတို့၏ (ဒါနပါရမီ၊ သီလပါရမီ)၊ ဇာတ်ဝတ္ထုပေါင်း ၂၀ ပုဒ်။
အမှတ်(၉) တွင် မိတ်ကောင်းဆွေကောင်းများအကြောင်း နှုတ်ကြမ်း စိတ်ကြမ်း ရမ်းကားသူများ အကြောင်း။

နယ်မှမှာယူပါက စာတိုက်မှ VPP ဖြင့် ပို့ပေးပါမည်။
တင်တင်အေး ပိဋကတ် စာပေဖြန့်ချိရေးဌာန
အမှတ် ၁၄၊ ရွှေတိဂုံဘုရားကြီးတောင်ဘက်ဈေးတော်ရုံ
(လကွယ်နေ့တိုင်း)ဆိုင်ပိတ်ပါသည်။ ရန်ကုန်မြို့။